ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

(၁၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၀ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၃.၈၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမြင့်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

အဋ္ဌမပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့ ၂၀-၆-၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ အစ္စရေးနိုင်ငံလွတ်လပ်ရေးနေ့အခမ်းအနား တက်ရောက်ရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဆေးစစ်ဆေးမှုခံယူရန်။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ဖွင့်ပွဲအခမ်းအနား တက်ရောက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ မူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးအေးချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ရေဘေးကယ်ဆယ်ရေး။ ဒေါက်တာ မြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ လုပ်ငန်း တာဝန်များ ထမ်းဆောင်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဆေးရုံတက်ရောက်ကုသ။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကော်မတီတာဝန် ထမ်းဆောင်ရန်။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေးတို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၆)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၀)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ ဟူးမွန်ကျေးရွာအုပ်စု၊ ခေခမ်းကျေးရွာတွင် နေထိုင်သော ဒေသခံ တောင်သူ(၄၆)ဦး၏ ဘိုးစဉ်ဘောင်ဆက် စိုက်ပျိုးလုပ်ကိုင်ခဲ့သည့် ယာမြေများအားလုံး ဆုံးရှုံး သွားရပြီး ဒေသခံရွာသူရွာသားများ၏ဘဝ အတိဒုက္ခရောက်ရှိနေကာ ပြန်လည်စိုက်ပျိုးလုပ်ကိုင်ရန် အတွက် မြေယာများ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း က ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ ဟူးမွန်ကျေးရွာအုပ်စု၊ ခေခမ်းကျေးရွာတွင် နေထိုင်သော ဒေသခံ တောင်သူ(၄၆)ဦး၏ ဘိုးစဉ်ဘောင်ဆက် စိုက်ပျိုးလုပ်ကိုင်ခဲ့သည့် ယာမြေများအားလုံး ဆုံးရှုံး သွားရပြီး ဒေသခံရွာသူရွာသားများ၏ဘဝ အတိဒုက္ခရောက်ရှိနေကာ ပြန်လည်စိုက်ပျိုး လုပ်ကိုင်ရန် အတွက် မြေယာများ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်း ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း ပဲ ဖြစ်ပါ တယ်။ ဒီကနေ့ ကျွန်တော်မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်း ကျိုးကြောင်းဖော်ပြချက် ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ ဟူးမွန်ကျေးရွာအုပ်စု၊ ခေခမ်းကျေးရွာတွင် နေထိုင်သော ဒေသခံတောင်သူများ ဘိုးစဉ်ဘောင်ဆက် စိုက်ပျိုးလုပ်ကိုင်ခဲ့တဲ့ ယာမြေများကို အမှတ် (၇၀၀၅)သံချပ်ကာတိုက်ခိုက်ရေးတပ်ရင်းမှ တပ်ပိုင်မြေအဖြစ် သိမ်းဆည်းကာ တချို့တစ်ဝက်ကို ၂၀၁၅ ခုနှစ်တွင် ဆင်တောင်ဂေါက်ကလပ်ဂေါက်ကွင်းကို တည်ဆောက်ခဲ့ကြောင်း တောင်သူများ စိုက်ပျိုးနေသေးသော ကျန်ရှိတဲ့ယာမြေ (၂၀၀)ဧကခန့်အား အုတ်တိုင်စိုက်ထူပြီး သံဆူးကြိုးခတ် ကာရံ ထားမှုများရှိခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်တောင်ဂေါက်ကလပ် တည်ဆောက်ပြီးစီးသည့် နေရာအတွက် ဒေသခံတောင်သူများအနေဖြင့် နစ်နာမှုတစ်စုံတစ်ရာမြေအစားထိုးခြင်းနှင့် လျော်ကြေးများ မရှိခဲ့ကြောင်း နှင့် ထိုနေရာအတွက် ဘာမျှတောင်းဆိုခွင့် မပြုလိုသော်လည်း ကျန်ရှိတဲ့ယာမြေ(၂၀၀)ဧက ခန့်တွင် သံချပ်ကာတပ်ရင်းမှ

အုတ်တိုင်စိုက်ထူထားပြီး သံဆူးကြိုးခတ် ကာရံထားသောနေရာအား ပြန်လည် လက်ဝယ်ပိုင်ဆိုင် လုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာသို့ တောင်သူ(၄၆)ဦးမှ အဆင့်ဆင့်တင်ပြခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့အဆင့်ဆင့် တင်ပြတောင်းခံခဲ့မှုကြောင့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်နေ့ တွင် လားရှိုးခရိုင်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံထားရမှုများ စိစစ်ရေးကော်မတီမှ အဆိုပါယာမြေနေရာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကာ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်နေ့တွင် ပြုလုပ်သော လားရှိုးခရိုင်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံထားရမှုများ စိစစ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဥ် (၆/၂၀၁၇)အရ တောင်သူ(၄၆)ဦး တင်ပြတောင်းခံထားသော မြေနေရာသည် ယခု အမှတ်(၆၀၀၇)တင့်ကားတပ်ရင်း မြေ(၁၁၉၇)ဧက အတွင်းပါဝင်ပြီး တိုင်ကြားစာပါ မြေဧက(၂၀၀)ခန့် မြေနေရာအား သံချပ်ကာလေ့ကျင့်ရေး ယာဥ်မောင်း ကွင်းပြုလုပ်ရန်နှင့် ဂေါက်ကွင်း(၉)ကျင်း ထပ်မံတိုးချဲ့ရန် လျာထားခြင်းအပေါ် ဂေါက်ကွင်း (၉)ကျင်း ထပ်မံတိုးချဲ့ရန် လျာထားသောမြေနေရာအား စွန့်လွှတ်သင့်ကြောင်းဆုံးဖြတ်ကာ ပြည်နယ် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံထားရမှုများ စိစစ်ရေးကော်မတီကို ဆက်လက်တင်ပြခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံထားရမှုများ စိစစ်ရေးကော်မတီအဆင့်ဆင့်၏ ဆုံးဖြတ်ချက်မချခင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်နေ့တွင် ဂေါက်ကွင်း တိုးချဲ့ရန်အတွက်ဟုဆိုကာ သံချပ်ကာတပ်ရင်းမှ စက်ယန္တရားများဖြင့် ဒေသခံတောင်သူများ တောင်းခံထားသော ယာမြေနေရာတွင် ဝင်ရောက်မြေထိုးညှိခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါတယ်။ ဘိုးဘွားမိဘ လက်ငုတ်လက်ရင်းအဖြစ် နှစ်ပေါင်းများစွာ လုပ်ကိုင်စားသောက်ခဲ့သော ကျန်ရှိ မြေယာများအား ဂေါက်ကွင်းတိုးချဲ့ရန် ထပ်မံ၍ မြေယာများသိမ်းယူခြင်း ခံရခြင်းကြောင့် တောင်သူများအနေနှင့် လုပ်ကိုင်စားသောက်ရန် မြေမရှိတော့ဘဲ များစွာဒုက္ခရောက်နေကြသဖြင့် ဖြေရှင်းဆောင်ရွက်ပေးပါရန် လွှတ်တော်ကိုယ်စားလှယ်ထံ တင်ပြလာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ပြသခွင့်ပြုရန်တောင်းခံအပ်ပါတယ် ခင်ဗျား။ ဟုတ်ကဲ့ပါ။ ဒီအနီရောင်ကွင်းထဲမှာကတော့ ဆင်တောင်ဂေါက်ကလပ် ဖြစ်ပါတယ်။ အဝါရောင်ကတော့ ဒါ အထဲကတော့ တောင်သူများ စိုက်ပျိုးနေဆဲဖြစ်ပြီးတော့ အဝါရောင်ကတော့ ဒီသံဆူးကြိုးခတ်ထားတဲ့ နေရာ ဖြစ်ပါတယ်။ လေးထောင့်ကတော့ ရွာဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ လားရှိုးခရိုင် မြေစာရင်းများ ကွင်းဆင်းစစ်ဆေးခဲ့တဲ့ မှတ်တမ်းဖြစ်ပါတယ်။ ဟုတ်ကဲ့ပါ။ အဲဒီ ကွင်းဆင်းစစ်ဆေးပြီး မကြာခင်မှာ စက်ယန္တရားဖြင့် အဲဒီမြေများကို ဝင်ရောက်ထိုးညှိနေတဲ့ပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ဒီရွာသားများသည် မြေယာထဲဝင်တဲ့လမ်းကို ဒါ ပြန်ပြီးတော့ မြေထိုးညှိပိတ်ဆို့ထားခြင်းပဲ ဖြစ်ပါတယ်။ ဒါကတော့ ဒီမေးခွန်းကတော့ လွန်ခဲ့တဲ့(၆)လကတည်းက မေးထားတဲ့ မေးခွန်းဖြစ်တဲ့အတွက် ယခု လက်ရှိမြင်တွေ့နေရတဲ့ အနေအထားဖြစ်ပါတယ်။ နောက်တစ်ခုပြပါ။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ ဟူးမွန်ကျေးရွာအုပ်စု၊ ခေခမ်းကျေးရွာတွင် နေထိုင်သော ဒေသခံတောင်သူများ၏ ဘိုးစဥ်ဘောင်ဆက် စိုက်ပျိုးလုပ်ကိုင်ခဲ့သည့် မြေယာများအားလုံး ဆုံးရှုံးသွားပြီး ဒေသခံရွာသူရွာသားများ၏ဘဝ အတိဒုက္ခရောက်ရှိနေကာ ပြန်လည်

စိုက်ပျိုးလုပ်ကိုင်ရန်အတွက် မြေယာများ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလို ပါကြောင်း မဲဆန္ဒရှင်များကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ ဟူးမွန်ကျေးရွာအုပ်စု၊ ခေးခမ်းကျေးရွာ တောင်သူများ၏ ယာမြေများပြမြေပုံ မြင်ကွင်းပုံ(ကက)




လားရှိုးခရိုင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုအား စိစစ်ရေးကော်မတီမှ အဆိုပါယာမြေ များသို့ ကွင်းဆင်းစိစစ်ခဲ့သည့် မှတ်တမ်းပြပုံ(ကက-၁)



လားရှိုးခရိုင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုအား စိစစ်ရေးကော်မတီမှ အဆိုပါယာမြေ များသို့ ကွင်းဆင်းစိစစ်ခဲ့သည့် မှတ်တမ်းပြပုံ(ကက-၂)



**ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်တွင် သိမ်းဆည်းခံ လယ်ယာမြေများအတွက် ထိုက်သင့်သော လျော်ကြေး ရရှိရေး၊ မြေလပ်၊ မြေလွတ်များအား စိစစ်ပြီး ပြည်သူများလက်ဝယ်သို့ ပြန်လည်ပေးအပ်ရေးနှင့် အမ်းမြို့နယ်အတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းထားမှုတို့ကို ပြည်သူများအား ရှင်းလင်းစွာ ဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်တွင် သိမ်းဆည်းခံ လယ်ယာမြေများအတွက် ထိုက်သင့်သော လျော်ကြေး ရရှိရေး၊ မြေလပ်၊ မြေလွတ်များအား စိစစ်ပြီး ပြည်သူများလက်ဝယ်သို့ ပြန်လည်ပေးအပ်ရေးနှင့် အမ်းမြို့နယ်အတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းထားမှုတို့ကို ပြည်သူများအား ရှင်းလင်းစွာ ဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မေးခွန်းအား Power Point ဖြင့် တင်ပြခွင့်ပေးပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ အမ်းမြို့နယ်မှာ အမ်းမြို့နယ်နှင့် တပ်တောင်မြို့ ပါဝင်ပါတယ်။ ရပ်ကွက်(၇)ခုရှိပါတယ်။ ကျေးရွာအုပ်စု (၂၉)အုပ်စု၊ ကျေးရွာပေါင်း (၂၄၀)၊ လူဦးရေပေါင်း(၁၁၅၀၀၀)ကျော်ရှိပါတယ်။ ရခိုင်လူမျိုးအပါအဝင် အခြားသော တိုင်းရင်းသားများလည်း အခြေချနေထိုင်လျက်ရှိပါတယ်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အပါအဝင် တပ်မ၊ တပ်ရင်း (၁၄)ခုရှိတဲ့ မြို့လည်း ဖြစ်ပါတယ်။

ကျွန်မရဲ့ဒေသခံပြည်သူတွေကတော့ စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါတယ်။ အမ်းမြို့နယ်မှာ ဧရိယာစတုရန်းမိုင်ပေါင်းက (၂၃၁၆.၈၇)ရှိပါတယ်။ အမ်းမြို့နယ်မှာ မြို့ဟောင်းနှင့် မြို့သစ်(၂)နေရာ ရှိပါတယ်။ အခု ကျွန်မမေးတဲ့ မေးခွန်းက မြို့သစ် တည်ဆောက်ရာမှာ ၁၉၉၆ ခုနှစ် မတ်လကစပြီးတော့ အကောင်အထည်ဖော်ခဲ့တဲ့ အတွက်ကြောင့်မို့လို့ နစ်နာဆုံးရှုံးမှုတွေ ဖြစ်ပါတယ်။ ကျွန်မရဲ့ အမ်းမြို့နယ်ဟာ နေရာအင်မတန်ကျယ်ပါတယ်။ ရခိုင်ပြည်နယ် မြို့နယ်များထဲ

မှာမှ အကျယ်ဆုံးမြို့ထဲက တစ်မြို့ဖြစ်ပါတယ်။ ဒါပေမဲ့ မြေသိမ်းဆည်းမှုလည်း အများဆုံး ဖြစ်သလို ကျွန်မကို တင်ပြတောင်းဆိုထားတဲ့ ဒီမေးခွန်းအပါအဝင် တခြားပြည်သူများမှ တင်ပြထားတာ အမှုပေါင်း (၃၁)မှု ကျွန်မလက်ထဲမှာ ရှိနေသေးပါတယ်။ လယ်ယာမြေသိမ်းဆည်းရာမှာ အဓိကအားဖြင့် မြို့သစ်တည်တဲ့အခါမှာ သိမ်းဆည်းမှုများရှိပါတယ်။ ရေအားလျှပ်စစ်စီမံကိန်းအတွက် သိမ်းဆည်းမှုများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကြောင့် သိမ်းဆည်းမှုနှင့် ဌာနဆိုင်ရာ တချို့မှာလည်း သိမ်းဆည်းထားကြောင်း ပြည်သူများရဲ့ တင်ပြတဲ့စာများအရ သိရှိရပါတယ်။

ဒီလယ်ယာမြေသိမ်းဆည်းမှုနှင့်ပတ်သက်ပြီး ကျွန်မစပြီးတော့ လွှတ်တော်ကိုယ်စားလှယ် ဖြစ်ကတည်းက တိုင်တန်းမှုတွေရှိပါတယ်။ ကျွန်မတို့ ပြည်နယ်အဆင့်မှာ လွှတ်တော်ကိုယ်စားလှယ်က မေးခွန်းမေးပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနက ဒီ Slide မှာ တင်ပြတဲ့အတိုင်း ဖြေကြားခဲ့ပါတယ်။ ၁၉၉၃ - ၁၉၉၄ ခုနှစ်မှာ ဧရိယာဘယ်လောက်သိမ်းခဲ့ကြောင်း၊ ဘယ်တပ်တွေက တပ်ရင်းတွေက ဧရိယာ ဘယ်လောက် ဘယ်လောက် သိမ်းဆည်းကြောင်းကို သက်ဆိုင်ရာဝန်ကြီးဌာနက ပြည်နယ် အဆင့်မှာ ဖြေကြားထားပါတယ်။ ဒါပေမဲ့ ယခုဒီမေးခွန်းမေးတဲ့ အချိန်အထိ ကျွန်မတို့ အမ်းမြို့နယ်မှာ မြေယာသိမ်းဆည်းမှုနှင့် ပတ်သက်ပြီးတော့ ထိထိရောက်ရောက် ဖြေရှင်းပေးတယ် ဆိုတဲ့အရာတွေ မရှိသေးပါဘူး။ ဒါ ဝန်ကြီးဌာနက ဖြေကြားထားခြင်း ဖြစ်ပါတယ်။ အခု ကျွန်မမေးခွန်းမှာပါတဲ့ ဒီ မြို့သစ်တည်ဆောက်ရေး မှာ သိမ်းဆည်းခံရတဲ့ အရင်တုန်းက ရွာဟောင်းတွေကတော့ ကိုးကန်တန်း၊ ဇာဒီမော်၊ ပဲပဒိုး၊ ကညင်တောင်၊ ရွာသစ်၊ သယူးပေါက် ဒီရွာမှာနေကြတဲ့ တောင်သူလယ်သမားများရဲ့ အသက်သွေးကြောဖြစ်တဲ့ လယ်ယာ၊ ကိုင်း၊ ကျွန်းမြေတွေပါတယ်။ ဥယျာဉ်ခြံမြေတွေပါတယ်။ ဒါကို ၁၉၉၅ - ၁၉၉၆ ကတည်းက မြို့သစ်တည်ကတည်းက သိမ်းဆည်းခဲ့ပါတယ်။

အဲဒီတုန်းက သိမ်းဆည်းတုန်းကတော့ ကျွန်မဆီကို မိတ္တူတွေ သူတို့ပေးထားတဲ့ စာတွေမှာတော့ သိမ်းဆည်းခဲ့စဉ်က သူတို့ တစ်စုံတစ်ရာ လျော်ကြေးရရှိတာမရှိခဲ့ဘူး။ နောက်သူတို့ မြေပိုင်၊ ယာပိုင်ဘဝက မြေမဲ့ယာမဲ့ ဖြစ်သွားတယ်။ ယခုထက်ထိ သူတို့ဆင်းရဲစွာ နေထိုင်ရတဲ့အကြောင်း ကျွန်မနဲ့ တွေ့ဆုံစဉ်မှာ ပြည်သူများက တင်ပြကြပါတယ်။ ဆိုတော့ သူတို့သိမ်းဆည်းပြီးတဲ့ နောက်ပိုင်းမှာ ဒီတပ်တွေ လိုအပ်ချက်အရ သိမ်းခဲ့တယ်။ ဒါပေမဲ့ ပိုလျှံမြေတွေမှာကျလို့ရှိရင်တော့ ကိုယ်ကျိုးအတွက် အသုံးပြုတာတို့၊ ရောင်းချခြင်းတို့ သူတို့ တွေ့ရှိရတယ်။ နောက်တစ်ခုက ရေအားလျှပ်စစ်အတွက် သိမ်းဆည်းထားတဲ့ မြေတွေကလည်း တကယ်တမ်းလက်တွေ့မှာ ဒီရေအားလျှပ်စစ်ကနေပြီးတော့ အောင်မြင်မှု မရှိကြောင်းသူတို့ တင်ပြကြပါတယ်။ ဒါကြောင့်မို့လို့ သူတို့အနေနဲ့ ဒီ သိမ်းဆည်းစဉ်က ပါသွားခဲ့တဲ့ လယ်ယာမြေနဲ့ပတ်သက်ပြီးတော့ သူတို့နစ်နာကြေးတွေလိုချင်ကြပါတယ်။ နောက်တစ်ခုက သိမ်းဆည်းထားပေမယ့် တကယ်တမ်း လက်တွေ့အလုပ်မဖြစ်တဲ့ မြေကွက်လပ်တွေကိုတော့ လယ်သမားများအနေနဲ့ ပြန်လည်ပြီး လိုချင်ကြောင်း သူတို့တင်ပြကြပါတယ်။

တင်ပြတဲ့အခါမှာတော့ သူတို့ဆီက ထောက်ခံစာ၊ သက်ဆိုင်ရာ အဲဒီခေတ်တုန်းက အုပ်ချုပ်သူများရဲ့ ဒီနေရာမှာမှန်ကန်ကြောင်း ပြည်သူကထောက်ခံကြောင်း သူတို့ပိုင်ဆိုင်တယ်ဆိုတာ မှန်ကန်ကြောင်း ထောက်ခံချက်တွေကို ကျွန်မဆီကို မိတ္တူပေးပို့ပြီးတော့ သူတို့က တင်ပြကြခြင်းဖြစ်

ပါတယ်။ အဲဒီထဲမှာမှနေပြီးတော့ ဒီ ဇာဒီမော်ရွာမှာ ဦးငွေခဲ ပါ (၁၉)ဦး ရှိပါတယ်။ ပဲပဒိုံ မှာဆိုလို့ရှိရင် ဦးဘကျော် ပါ (၈)ဦး၊ ရွာသစ်ရွာဆိုလို့ရှိရင် ဦးသိန်းတင် ပါ (၂၆)ဦး၊ ကညင်တောင်ရွာ မှာဆိုလို့ရှိရင် ဦးခင်မောင်သိန်း ပါ (၁၀)ဦး၊ သယူးပေါက်ရွာ မှာဆိုလို့ရှိရင် ဦးခါး ပါ (၁၃)ဦး၊ စုစုပေါင်း (၇၆)ဦးရဲ့ တင်ပြထားတဲ့ အမှုတွဲ အခုမေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်သူလူထုအနေနဲ့ မြေမရှိဘဲ အတည်တကျ နေထိုင်ဖို့ဆိုတာ မဖြစ်သလို သူတို့လုပ်ကိုင်စားသောက်ဖို့ လယ်ယာမြေတွေ ဆုံးရှုံးလို့ရှိရင်လည်း ပြည်သူလူထုဘဝ အေးချမ်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ အမ်းမြို့နယ်မှာ လယ်ယာမြေအပါအဝင် သိမ်းဆည်းခံလယ်မြေများ စနစ်တကျစိစစ်ဖို့ မူလပိုင်ဆိုင်တဲ့ လယ်သမားများလက်ထဲ ပြည်သူလူထုလက်ထဲကို အခု ပိုလျှံတဲ့ မြေတွေကိုရောက်ဖို့ အရေးတကြီးဆောင်ရွက်ဖို့ လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းပါ တောင်သူ(၇၆)ဦးအပါအဝင် နောက်ထပ် အမ်းမြို့နယ်မှာ သိမ်းဆည်းခံ လယ်ယာမြေများအတွက် ထိုက်သင့်သော လျော်ကြေးရရှိဖို့နဲ့ နောက်ကျန်တဲ့ လယ်မြေများကိုလည်း ပြည်သူတွေ ဘာကြောင့် သိမ်းလဲ၊ ဘာကြောင့်ဒါကို ပြန်မအပ်နိုင်၊ ဒါတွေကိုတော့ ပြန်အပ်ပေးနိုင်တယ် ဒါနဲ့ပတ်သက်ပြီးတော့ ရှင်းရှင်းလင်းလင်း သိချင်ကြတဲ့အတွက်ကြောင့်မို့လို့ သက်ဆိုင်ရာသို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီမေးခွန်း ကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဗိုလ်ချုပ်မြင့်နွယ် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာအပေါင်း နှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ကာကွယ်ရေး ဝန်ကြီးဌာနကို မေးမြန်းလာတဲ့ မေးခွန်းများကနေပြီးတော့ ပထမဆုံး မေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း ၏ ရှမ်းပြည်နယ် မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ ဟူးမွန်ကျေးရွာအုပ်စု၊ ခေခမ်းကျေးရွာတွင် နေထိုင်သော ဒေသခံတောင်သူ (၄၆)ဦး၏ ဘိုးစဉ်ဘောင်ဆက် စိုက်ပျိုးလုပ်ကိုင်ခဲ့သည့် ယာမြေများအားလုံး ဆုံးရှုံးသွားရပြီး ဒေသခံ ရွာသူ ရွာသားများ၏ဘဝ အတိဒုက္ခရောက်ရှိနေကာ ပြန်လည်စိုက်ပျိုး လုပ်ကိုင်ရန်အတွက် မြေယာများ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီး ဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းပါ မြေနေရာဟာ အမှတ်(၇၀၀၅) သံချပ်ကာ တိုက်ခိုက်ရေးတပ်ရင်းရဲ့ တပ်ပိုင်မြေအတွင်းပါဝင်ပြီး ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၁၇ ခုနှစ်၊ မေလ

၁၇ ရက်စွဲပါ စာအမှတ် ပထရ/၂-၃(၆၄၆)/ထောက် ၂ ဖြင့် မြေပေးအမိန့် ရရှိပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်း၌ တောင်သူ(၄၆)ဦးမှ ၎င်းတို့ စိုက်ပျိုးလုပ်ကိုင်ခဲ့သည့် တောင်ယာမြေများမှာ (၂၀၀)ဧကဟု ဖော်ပြထားသော်လည်း မြေပြင်ကွင်းဆင်းစစ်ဆေးချက်များအရ (၁၅၈.၅)ဧကသာရှိပြီး ၎င်းမြေနေရာများသည် တပ်နယ်ဂေါက်ကွင်းမြေနှင့် သံချပ်ကာယာဉ်များ မောင်းနှင်လေ့ကျင့်ခြင်း၊ အမြောက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိသော မြေနေရာများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းပါ တောင်သူ(၄၆)ဦး တိုင်ကြားတင်ပြတဲ့ မြေနေရာများသည် ပိုင်ဆိုင်မှု အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်မှုမရှိခြင်း၊ အမှတ်(၇၀၀၅) သံချပ်ကာတိုက်ခိုက်ရေး တပ်ရင်း၏ တပ်ပိုင်မြေအတွင်းပါဝင်ပြီး တပ်နယ်ကာကွယ်ရေးမြေနှင့် သံချပ်ကာယာဉ်များ မောင်းနှင်လေ့ကျင့်ခြင်း၊ အမြောက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည့် မြေနေရာများဖြစ်ခြင်းတို့ကြောင့် လုံခြုံရေးအရ စွန့်လွှတ်ပေးနိုင်ခြင်း မရှိကြောင်းကို တိုင်ကြားသူ တောင်သူ(၄၆)ဦးနှင့် ခရီးလွန်နေသဖြင့် လာရောက်နိုင်ခြင်းမရှိသည့် တောင်သူ(၃)ဦးမှအပ ကျန်တောင်သူ(၄၃)ဦးအား ခေါ်ယူအသိပေးပြီးလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းပါ မြေနေရာများသည် အမှတ်(၇၀၀၅) သံချပ်ကာတိုက်ခိုက်ရေးတပ်ရင်း၏ တပ်ပိုင်မြေအတွင်းပါဝင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ မြေပေးမိန့်ရရှိပြီးဖြစ်ခြင်း၊ တပ်နယ်ဂေါက်ကွင်းမြေနှင့် သံချပ်ကာယာဉ်များ မောင်းနှင်လေ့ကျင့်ခြင်း၊ အမြောက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည့် စက်ပစ်ကွင်းမြေနေရာများ ဖြစ်ခြင်းတို့ကြောင့် လုံခြုံရေးအရ စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ရဲ့ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်တွင် သိမ်းဆည်းခံ လယ်ယာမြေများအတွက် ထိုက်သင့်သော လျော်ကြေးရရှိရေး၊ မြေလပ်၊ မြေလွတ်များအား စိစစ်ပြီး ပြည်သူများလက်ဝယ်သို့ ပြန်လည်ပေးအပ်ရေးနှင့် အမ်းမြို့နယ်အတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းထားမှုတို့ကို ပြည်သူများအား ရှင်းလင်းစွာ ဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သော အပိုင်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

အမ်းမြို့နယ်အတွင်းမှာ တပ်ရင်း၊ တပ်ဖွဲ့ (၁၆)ခု ရှိပြီး တပ်ပိုင်မြေအဖြစ် မြေဧရိယာ (၃၂၇၈.၅၄)ဧကဖြစ်ပြီး တပ်ဧရိယာပြင်ပ စိုက်ပျိုးမွေးမြူရေးမြေ (၃၈၃၅.၂၇၅)ဧက စုစုပေါင်း (၇၁၁၃.၈၁၅)ဧကအား လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းဆည်းထားခြင်း ဖြစ်ပါတယ်။ တပ်ရင်း၊ တပ်ဖွဲ့များမှ သိမ်းဆည်းထားသည့် တပ်ပိုင်မြေများမှာ တပ်၏အရွယ်အစားနှင့်ကိုက်ညီပြီး မဖြစ်မနေ လိုအပ်သော အနည်းဆုံးမြေဧရိယာကိုသာ သိမ်းဆည်းထားခြင်း ဖြစ်ပါကြောင်းနှင့် လုံခြုံရေးနှင့် လေ့ကျင့်ရေးအတွက် သိမ်းဆည်းထားသောမြေများတွင် ပါရှိသည့် လယ်မြေများတွင် တပ်မိသားစုများအတွက် တပ်ရင်း၊ တပ်ဖွဲ့များမှ ကိုယ်တိုင်စပါးစိုက်ပျိုးလုပ်ကိုင်လျက်ရှိပါတယ်။ စိုက်ပျိုးမွေးမြူရေးအတွက် ရယူထားသည့် တပ်ဧရိယာပြင်ပမြေ (၃၈၃၅.၂၇၅)ဧကအနက်မှ တပ်မှလုပ်ကိုင်နိုင်ခြင်းမရှိသော

မြေဧရိယာ (၁၉၂၁.၉၂)ဧကအား ပြည်သူများလက်ဝယ်သို့ ပြန်လည်ပေးအပ်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်သို့ ပြန်လည် စွန့်လွှတ်အပ်နှံပေးပြီးဖြစ်ပါတယ်။ ကျန်ရှိသော မြေများတွင် တပ်ရင်းမှ လူအင်အား၊ ရင်းနှီးမတည်ငွေများ စိုက်ထုတ်၍ ရာဘာစိုက်ပျိုးခြင်း၊ ပုစွန်မွေးမြူခြင်း လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ အမ်းမြို့နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၏ တပ်ပိုင်မြေများအတွက် အနည်းဆုံးမြေဧရိယာကိုသာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းဆည်းထားခြင်း၊ တပ်ဧရိယာပြင်ပ စိုက်ပျိုး၊ မွေးမြူရေးအတွက် သိမ်းဆည်းထားသော မြေဧရိယာများအထဲမှ (၁၉၂၁.၉၂)ဧကအား ပြန်လည်စွန့်လွှတ်ပေးထားပြီးဖြစ်ခြင်း၊ ကျန်ရှိသောမြေများတွင် တပ်ရင်း၊ တပ်ဖွဲ့များမှ လူအင်အား ရင်းနှီးမတည်ငွေများစိုက်ထုတ်၍ ရာဘာစိုက်ပျိုးခြင်း၊ ပုစွန်မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများကိုသာ လုပ်ပိုင်ခွင့် လျှောက်ထားရယူခဲ့ခြင်းများဖြစ်သောကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် လျော်ကြေးငွေများ ပေးချေနိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်တွင် ပါဝင်သော ဧရာဝတီမြစ်ကမ်းဘေးမှ မြေတော်၊ နေရင်း၊ ဆင်တဲနှင့် နွယ်နီအုပ်စုရှိ ကျေးရွာများ ဧရာဝတီမြစ်ရေ တိုက်စားခံနေရသဖြင့် ကိုယ်ထူကိုယ်ထ ရေကာတာများ တည်ဆောက်နေကြရာ နိုင်ငံတော်မှ ငွေအားနှင့် နည်းပညာပံ့ပိုးမှုတို့ အမြန်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေက မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်တွင်ပါဝင်သော ဧရာဝတီမြစ်ကမ်းဘေး မြေတော်၊ နေရင်း၊ ဆင်တဲနှင့် နွယ်နီအုပ်စုရှိ ကျေးရွာများ ဧရာဝတီမြစ်ရေ တိုက်စားခံနေရသဖြင့် ကိုယ်ထူကိုယ်ထ ရေကာတာများ တည်ဆောက်နေကြရာ နိုင်ငံတော်မှ ငွေအားနှင့် နည်းပညာပံ့ပိုးမှုတို့ကို အမြန်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ကြွရောက်လာသော ဧည့်သည်တော်များနှင့် ကိုယ်စားလှယ်တော်အပေါင်း မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ရေစကြိုမြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ငွေဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းက မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်မှာ ပါဝင်တဲ့

ဧရာဝတီမြစ်ကမ်းဘေးရှိ မြေတော်၊ မင်းရွာ၊ နေရင်း၊ ဆင်တဲနှင့် နွယ်နီအုပ်စုက ကျေးရွာတွေမှာ မြစ်ရေတိုက်စားခံနေရတဲ့အတွက် ရေကာတာတွေကို ကိုယ်ထူကိုယ်ထ တည်ဆောက်နေကြရာမှာ နိုင်ငံတော်က ငွေအားနှင့် နည်းပညာတို့ ပံ့ပိုးမှု အမြန်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နှင့်တင်ပြခွင့်ပြုပါခင်ဗျား။ ဧရာဝတီမြစ်ကြီးဟာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ကြားကနေထွက်လာပြီးတော့ မကွေးတိုင်းဒေသကြီးဘက်အရောက်မှာ ချင်းတွင်းမြစ်နှင့် ပေါင်းဆုံပါတယ်။ အဲဒီ မြစ်ဆုံဒေသအထက်ဘက် ဧရာဝတီမြစ်အနောက်ဘက်ကမ်း (၇)မိုင်လောက်ရှည်တဲ့ မြေနုကျွန်းပေါ်မှာ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်ထဲက မြေတော်၊ မင်းရွာ၊ နေရင်း၊ ဆင်တဲ၊ နွယ်နီ ဆိုတဲ့ရွာတွေ ရှိပါတယ်။ အဲဒီ မြေပုံကတော့ အခု Power Point မှာ ပြထားတဲ့မြေပုံက လွန်ခဲ့တဲ့ နှစ် (၇၀)ကျော်ကတည်းက အိန္ဒိယ Map ကို အခြေခံပြီးတော့ ဆွဲထားတဲ့ မြေပုံဖြစ်ပါတယ်။ အဲဒီမှာ စက်ဝိုင်းအနီပြထားတဲ့ နေရာလေးက အခုရေတိုက်စားခံရတဲ့ ဆင်တဲအုပ်စုနှင့် ပတ်ဝန်းကျင်မြေဖြစ်ပါတယ်။

အဲဒီမှာ သူတို့ ၁၉၃၈ ခုနှစ် မြေစာရင်းများအရ လုပ်စားကိုင်ကွင်း မြေယာကွင်း(၇)ကွင်းနှင့် မြေဧကပေါင်း (၂၈၁၉) ရှိတယ်လို့ပြောပါတယ်။ အဲဒီ ဧက(၂၈၀၀)ကျော်ထဲကမှ နဘေးကွင်း ဧက(၆၀၀)ထဲက ဧက(၃၀၀)လောက်ပဲ ယခု အခါကျန်ပြီးတော့ ဧက (၂၅၀၀)ကျော်ဟာ ပျောက်ဆုံးသွားပါပြီ။ ကမ်းပြိုလိုက် ရွာရွှေ့လိုက်နှင့် လုပ်စားကွင်းကလည်းကျဉ်း ပြေးစရာလည်းမြေမရှိ ဆိုသလိုဖြစ်နေတော့ ကိုယ့်အားကိုယ်ကိုးပြီး တတ်သမျှမှတ်သမျှနဲ့ ရေတိုက်စားမှုဒဏ်ကို ကာကွယ်နေကြရပါတယ်။ အရေးကြုံသက်လုံကောင်းစေဆိုသလို ဆင်တဲရွာဦးကျောင်းဆရာတော် ဦးခေမိန္ဒ အမှူးပြုပြီးတော့ ကျေးရွာသားတွေ တိုင်ပင်ဆွေးနွေးကာ အလှူငွေရှာဖွေလို့ ထန်းလုံးတိုင်များဝယ်ယူပြီး ရေကြောင်းလွှဲပြောင်းဖို့ ကြိုးစားလုပ်ကိုင်လာကြပါတယ်။ အဲဒီမြေပုံကတော့ ယခု လက်ရှိ GPS မြေပုံပါ။ သူတို့ အပြာရောင်၊ အနီရောင်ကတော့ ရေတိုက်စားတဲ့ ဧရာဝတီမြစ်ရေကြောင်းကို ပြပြီးတော့ အပြာရောင်က ထန်းလုံးရေကာတာတွေ လွှဲတဲ့အတွက် ရေကြောင်းလွှဲချင်တဲ့ သင်္ကေတ ဖြစ်ပါတယ်။


အဲဒီမှာ ဆရာတော်နှင့် ရွာသူရွာသားတွေ အကြိမ်ကြိမ် အစည်းအဝေးလုပ်ကြတဲ့ပုံဖြစ်ပါတယ်။ သူတို့ ရန်ပုံငွေကောက်တာ ကျပ်သိန်း(၃၀၀)ကျော်ရတယ်လို့ ပြောပါတယ်။ မကွေးတိုင်းဒေသကြီးကလည်း ကျပ်သိန်း(၃၀၀)ကျော်ရပါတယ်။ အဲဒါတွေနဲ့ ထန်းတော၊ ထန်းပင်များတဲ့ဒေသက ထန်းပင်တွေကို ဝယ်ယူပြီးတော့ ရေထဲမှာ ပိုင်စိုက်ပြီးတော့ ရေကာတာလုပ်ကြပါတယ်။ အဲဒါက ထန်းပင်တွေကို သူတို့ ဖြစ်အောင်လှဲထားကြတာပါ။ အဲဒါ ရေကာတာ ရိုက်နေကြတာပါ မြန်မာ့နည်း မြန်မာ့ဟန်နဲ့။ ဒါလည်း ရိုက်နေတာကို အနီးကပ်ပြတာပါ။ နောက်တစ်ခု အဲဒါ ရိုက်ပြီးတဲ့ တော်တော်များများပြီးတဲ့ အခြေအနေ ဖြစ်ပါတယ်။ သူတို့က မျောတိုင်တွေကို ဖြစ်သလိုသယ်ပြီးတော့ သဲအိတ်တွေနှင့် ဒီထန်းလုံးတွေကို မျောတိုင်အနေနဲ့လှမ်းဆွဲ သဲအိတ်တွေကိုဖို့ပြီးတော့ ရေကာတာ လုပ်ကြရခြင်းဖြစ်ပါတယ်။

သို့သော်လည်း နည်းပညာနှင့်ငွေကြေးအား လိုအပ်နေတဲ့အတွက် ဒီနှစ် ရေအတက်မှာ ကမ်းပါးတွေ ဆက်လက်ပြိုဆင်းနေတယ်လို့ ပြီးခဲ့တဲ့ ဇွန်လ ၁၇ ရက်နေ့ကရတဲ့ ဓာတ်ပုံတွေအရ သိရ

ပါတယ်။ ဒါက အခုလက်ရှိ ဒီနှစ်ရေအတက်မှာ ပြိုနေတဲ့ ဆင်တဲကမ်းခြေတွေပုံဖြစ်ပါတယ်။ ဆရာတော်ဘုရားအမှူးပြုပြီး စုပေါင်းကောက်ခံရတဲ့ ငွေကျပ်သိန်း(၃၀၀)အပြင် မကွေးတိုင်းဒေသကြီးကလည်းပဲ ကျပ်သိန်း(၃၀၀) ထောက်ပံ့တယ်လို့ သိရပါတယ်။ ဝန်နှင့်အားမျှဖို့လိုသလို နည်းပညာမှန်ဖို့လည်း လိုအပ်လှပါတယ်။ ပြီးခဲ့တဲ့နှစ်က ရေစကြိုမြို့နယ် ဗလဘကျေးရွာမှာ ဧရာဝတီမြစ်ကမ်းပြိုနေလို့ ရေကြောင်းလွှဲအောင် မြစ်ကြောင်းချိုးကနေပြီးတော့ ပြုလုပ်ထားတဲ့ စတီးကေဘယ်ကြိုးနှင့် ကျောက်ဆူး နိုင်လွန်ပိုက်တွေဟာ နိုင်လွန်ပိုက်တန်း (၁၅)ခုထဲက (၁၁)ခုက ဒီနှစ် မြောပါဆုံးရှုံးသွားပါတယ်။ ငွေကျပ်သိန်းနဲ့ တန်ဖိုးတွက်ကြည့်ရင် ကျပ်သိန်း(၃၀၀)လောက်ရှိတယ်။ (၇၃)ရာခိုင်နှုန်းလောက် ဆုံးရှုံးတယ်လို့ဆိုပါတယ်။ နည်းစနစ်မှန်ဖို့နဲ့ သုံးစွဲငွေ၊ သုံးစွဲမှုငွေကြေးလည်း လုံလောက်ဖို့လိုကြောင်းပြနေတဲ့ သာဓကပါပဲ။ လောလောဆယ်မှာ ဆင်တဲနှင့် အနီးအနားက ချင်းယားရွာ၊ မီးလောင်ကျွန်းရွာ စတဲ့ ကျေးရွာတွေမှာလည်း မြစ်ရေတိုက်စားမှု ခံနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေစကြိုမြို့နယ် အရှေ့ဖျားက ဧရာဝတီမြစ်ရေတိုက်စားခံနေရတဲ့ ဆင်တဲအုပ်စုနှင့်တကွ အခြားကျေးရွာတွေမှာ မြစ်ကြောင်းထိန်းသိမ်းကာကွယ်ရေးအတွက် နိုင်ငံတော်မှ ကူညီထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရေကာတာ ရိုက်လိုက်၊ ပြန်မျောလိုက်ဆိုပါက သုံးစွဲသည့် နိုင်ငံ့ဘဏ္ဍာငွေများ သဲထဲရေသွန် ဆိုသလိုမဖြစ်စေဖို့ တစ်နည်းအားဖြင့် နည်းပညာသွေလွဲလို့ ရေထဲကို ငွေတွေသွန်ပစ်သလို မဖြစ်ရအောင် ဘယ်လိုကူညီပေးမယ် ဆိုတဲ့ဟာကို သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

နေရင်းအုပ်စုနှင့် ဆင်တဲအုပ်စုတို့၏ ရေတိုက်စားပါသွားသော မြေယာဧရိယာများပြ မြေပုံ(ခခ)



ထန်းလုံးတိုင်များဝယ်ယူပြီး ရေကြောင်းလွှဲပြောင်းရန် ကြိုးစားလုပ်ကိုင်ကြသည့် မြင်ကွင်းပုံ(ခခ-၁)



ယခုနှစ် ရေတက်စဉ် တွေ့မြင်နေရသော ပြိုကျနေသည့် ဧရာဝတီကမ်းပါးများ မြင်ကွင်းပုံ(ခခ-၂)



**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဦးသာဦး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ မကွေးတိုင်း

ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ငွေ ၏ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်တွင်ပါဝင်သော ဧရာဝတီမြစ်ကမ်းဘေးမှ မြေတော်၊ နေရင်း၊ ဆင်တဲနှင့် နွယ်နီအုပ်စုရှိ ကျေးရွာများ ဧရာဝတီမြစ်ရေ တိုက်စားခံနေရပါသဖြင့် ကိုယ်ထူကိုယ်ထ ရေကာတာများ တည်ဆောက်နေကြရာ နိုင်ငံတော်မှ ငွေအားနှင့် နည်းပညာပံ့ပိုးမှုတို့ အမြန်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးသာဦး က ပြန်လည် ဖြေကြားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ဟာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်း မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ နွယ်နီကျေးရွာအောက်ဘက် (၁)မိုင်ခွဲအကွာမှာ ပေါင်းဆုံစီးဆင်းလျက်ရှိပါတယ်။ ရေစကြိုမြို့နယ်၊ မြေတော်၊ နေရင်း၊ ဆင်တဲနှင့် နွယ်နီကျေးရွာများသည် ဧရာဝတီမြစ် အနောက်ဘက်ကမ်းပါး ပေါ်တွင်တည်ရှိပြီး ဧရာဝတီမြစ်ရေလမ်းကြောင်း ပြောင်းလဲလာမှုကြောင့် လွန်ခဲ့သော နှစ်ပေါင်း (၆၀)ခန့်မှစတင်၍ ရေတိုက်စားကမ်းပြိုမှုများ ကြုံတွေ့ခဲ့ရပြီး ရေတိုက်စားကမ်းပြိုမှုကြောင့် ကျေးရွာများ၏စိုက်ပျိုးမြေများ ဆုံးရှုံးခဲ့ရတဲ့အပြင် ကျေးရွာများ အကြိမ်ကြိမ် ရွှေ့ပြောင်းခဲ့ကြရတာ အမှန်ပဲဖြစ်ပါတယ်။ အဆိုပါကျေးရွာများ ရေစားကမ်းပြိုမှုများမှာ ရေစကြိုမြို့နယ်၊ မြေတော်ကျေးရွာ ရေစားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းကို ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပြည်သူလူထုမှ ကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့် ဆောင်ရွက်နေမှုအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၄)၊ မကွေးတိုင်းဒေသကြီးရုံးမှ နည်းပညာပံ့ပိုး၍ ကျွမ်းကျင်ဝန်ထမ်းများကို အနီးကပ်ကြီးကြပ်စေပြီး ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရေစကြိုမြို့နယ်၊ မြေတော်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း လုပ်ခဲ့တဲ့ပုံ ဖြစ်ပါတယ်။

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ (၃)တန်းသွားမျောတိုင်တန်း သဲအိတ်ခင်းရေကာ (၄)ခုနှင့် မိုးရာသီရေများချိန်မှာ Floating Structure လို့ခေါ်တဲ့ လှိုင်းပုတ်ခြင်းနှင့် အပေါ်ယံ ရေစီးပွတ်တိုက်မှု အကာအကွယ်များကို မကွေးတိုင်းဒေသကြီးအစိုးရရဲ့ ခွင့်ပြုရန်ပုံငွေကျပ် (၄၅.၄၂)သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရန်ပုံငွေကျပ်(၃၅၉.၇၂)သန်းဖြင့် အလျားပေ(၄၀၀)ရှိ (၃)တန်းသွား Geo Bag ခင်း မျောရေကာ (၁)ခုနှင့် အလျားပေ (၇၂၀)ရှိ Steel Basket အခြေပြု ကျောက်စီတမံ တည်ဆောက်ပေးခြင်းများ ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၈ ခုနှစ် မေလ ၃၀ ရက်နေ့မှာ လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးဖြစ်ပါတယ်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ နေရင်း၊ ပေါက်တော၊ ဆင်တဲနှင့် နွယ်နီကျေးရွာများ ရေတိုက်စားမှုအခြေအနေကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများမှာ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း(၂)ကြိမ်နှင့် ရေလမ်းကွင်းဆင်းတိုင်းတာခြင်း(၁)ကြိမ် ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ကွင်းဆင်းတိုင်းတာရရှိသော ရေလမ်းမြေပုံအရ ဦးစားပေး ဆောင်ရွက်သင့်သည့်

လုပ်ငန်းအစီအမံများကို ဆင်တဲကျောင်းဆရာတော် ဦးခေမိန္ဒ ဦးဆောင်သော ရေကာဖြစ်မြောက်ရေး ကော်မတီနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

ဒီပုံက ရေစကြိုမြို့နယ်၊ ဆင်တဲကျေးရွာ ဧရာဝတီမြစ်ရေတိုက်စားမှု ကမ်းပြိုကာကွယ်ရေး လုပ်ငန်း ရေကာတည်ဆောက်မှု မှတ်တမ်းဓာတ်ပုံ ဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းကို ကျေးရွာများမှ ရန်ပုံငွေ ထည့်ဝင်မှုနှင့် မကွေးတိုင်းဒေသကြီး အစိုးရ၏ ရန်ပုံငွေကျပ်သိန်း (၃၀၀) ထောက်ပံ့မှုဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ နည်းပညာပံ့ပိုးပြီးတော့ ကျွမ်းကျင်ဝန်ထမ်း စေလွှတ်ကြီးကြပ်စေပြီးတော့ ထန်းလုံးရိုက် ဖောင်စင်များ ငှားရမ်းပေးခြင်းနှင့် အလျား (၉၀၀)ပေစီရှိတဲ့ (၂)တန်းသွား ထန်းလုံးရေကာ (၃)ခု တည်ဆောက်ခြင်းကို ၂၀ - ၃ - ၂၀၁၈ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခု လက်ရှိအချိန်တွင် လုပ်ငန်းတစ်ခုလုံးကို ပြီးသွားပြီဖြစ်ပါတယ်။

ဒါ့အပြင် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့မှာပါဝင်တဲ့ ဧရာဝတီမြစ်ကမ်းဘေးမှ မြေတော်၊ နေရင်း၊ ဆင်တဲနှင့် နွယ်နီ ကျေးရွာများ ရေတိုက်စား ကမ်းပြိုမှုမှကာကွယ်နိုင်ရန် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း (၃၅၀)အား မကွေးတိုင်းဒေသကြီးအစိုးရ၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ၌ ပထမဦးစားပေးအဖြစ် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လုပ်ငန်းအကောင်အထည်ဖော် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းသည့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၏ ဘတ်ဂျက်တောင်းခံမှုကို မည်သို့ စီမံထိန်းကျောင်းထားကြောင်းနှင့် ယင်းအသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၏ နိုင်ငံတကာအဆင့်မီရေး၊ နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်ရေးတို့အတွက် တာဝန်ရှိသည့် အဖွဲ့အစည်းများမှ မည်သို့စီမံ ဆောင်ရွက်ထားကြောင်း သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး က အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၏ ဘတ်ဂျက်တောင်းခံမှုကို မည်သို့ စီမံ ထိန်းကျောင်းထားကြောင်းနှင့် ယင်းအသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၏ နိုင်ငံတကာ အဆင့်မီရေး၊ နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်ရေးတို့အတွက် တာဝန်ရှိသည့် အဖွဲ့အစည်းများမှ မည်သို့ စီမံ ဆောင်ရွက်ထားကြောင်း သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီး အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးရှင် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ချိတ်ဆက် လျက်ရှိတဲ့ တက္ကသိုလ်၊ ကောလိပ်၊ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တွေဟာ မိမိတို့ရဲ့ ပညာရေး ဆိုင်ရာ မြှင့်တင်နိုင်ဖို့အတွက် အချိန်နှင့်တစ်ပြေးညီ နိုင်ငံတကာ စံချိန်စံညွှန်းတွေနှင့်အညီ လုပ်ဆောင် နိုင်ဖို့ အစဉ်လိုအပ်ပါတယ်။ ပညာရေးပြုပြင်ပြောင်းလဲတဲ့နေရာမှာ တန်ဖိုးရှိလူသား အရင်းအမြစ်များ မွေးထုတ်ရာနေရာဖြစ်တဲ့ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များရဲ့ အနာဂတ်အစီအမံများက အရေးကြီး ပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများနှင့် တာဝန်ခံဝန်ကြီးဌာနများရဲ့ တာဝန်ယူမှု၊ တာဝန်ခံ မှုများ၊ စီမံဆောင်ရွက်မှုများဟာ အဓိကကျပါတယ်။

ဒါကြောင့် ဘတ်ဂျက်တွေတောင်းခံတဲ့နေရာမှာ ပညာရပ်ဆိုင်ရာမြှင့်တင်နိုင်ဖို့ ပညာရပ် ဆိုင်ရာ လိုအပ်ချက်တွေဖြစ်တဲ့ ဥပမာ Supporting Center, Library, Research, Laboratory တွေကို ထိထိရောက်ရောက် အသုံးပြုစီမံဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ဒီလိုအပ်ချက်တွေကို ပြည့်မီစွာ တောင်းခံ လုပ်ဆောင်ဖို့နှင့် ပွင့်လင်းမြင်သာစွာ ထိထိရောက်ရောက် လုပ်ဆောင်ပေးဖို့လည်း လိုအပ်ပါတယ်။ အမည်ခံနေရာယူ တာဝန်ခံခြင်းမဟုတ်ဘဲ ပညာရပ်ဆိုင်ရာကို စေတနာထက်သန်စွာနှင့် ကျွမ်းကျွမ်းကျင်ကျင် မြှင့်တင်ပြောင်းလဲပေးနိုင်မှသာ နိုင်ငံတကာအဆင့်မီတဲ့ ရင်ပေါင်တန်းနိုင်တဲ့ ပညာရေး ဖြစ်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းနှင့်ပတ်သက်ပြီး Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံအပ် ပါတယ်။ နိုင်ငံတကာမှာ တက္ကသိုလ်၊ ကောလိပ်၊ အသက်မွေးဝမ်းကျောင်းတွေဟာ သူတို့ရဲ့ Curriculum သင်ရိုးတွေနဲ့ အောင်မြင်မှု စွမ်းဆောင်မှုတွေပေါ်မှာမူတည်ပြီး အစိုးရတွေက ဘတ်ဂျက် ချပေးပါတယ်။ အချို့က အစိုးရဆီက ဘတ်ဂျက်မရဘဲ မိမိတို့ရဲ့ Fund နဲ့ ရပ်တည်ကြရပါတယ်။ စွမ်းဆောင်ရည် အမြင့်ဆုံးက ဘတ်ဂျက်အများဆုံးရပါတယ်။ ကျွန်မတို့နိုင်ငံမှာ ပညာရေးဥပဒေ ပုဒ်မ ၆၄ (က)(ခ) အရ ဘတ်ဂျက်တောင်းခံခွင့်နှင့် ကိုယ်ပိုင်ရန်ပုံငွေရှာဖွေခွင့်ကို ပြုထားပါတယ်။

ဒါပေမယ့်လည်း ဘတ်ဂျက်လုပ်ငန်းတွေကို ကြည့်မယ်ဆိုရင် ပညာရပ်ဆိုင်ရာတိုးတက်မှု အတွက်မဆိုင်တဲ့ အဓိကမဖြစ်တဲ့ သီးခြားလုပ်ငန်းတွေ တောင်းခံထားတာကို တွေ့ရပါတယ်။ နိုင်ငံတကာ တက္ကသိုလ်၊ ကောလိပ်တွေကလည်း ကျွန်မတို့နိုင်ငံမှာ လာရောက်ဖွင့်လှစ်ထားကြပြီး တရားဝင်မှတ်ပုံတင် ထားခြင်း ရှိ/မရှိ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်မားခြင်း ရှိ/မရှိ၊ အာမခံချက် ဘယ်လောက် ရှိသည်၊ မရှိသည်ကို တာဝန်ခံမှု ဘယ်လောက်ရှိသည်၊ မရှိသည်ကို တိတိကျကျ မသိနိုင်ပါဘူး။ စင်ကာပူနိုင်ငံ မှာဆိုရင် အစိုးရ အသိအမှတ်ပြုထားတဲ့ Poly ကျောင်းတွေက Private ကျောင်းတွေထက် အဆင့် မြင့်မားတာတွေ့ရပါတယ်။

ဩစတြေးလျမှာဆိုလည်း Australia National University က အဆင့်မြင့်ပြီး အစိုးရဆီက အများဆုံးဘတ်ဂျက်ရကြပါတယ်။ မကြာသေးမီက လွှတ်တော်မှာတင်ပြတဲ့ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ရဲ့ (၆)လအစီရင်ခံစာမှာ အဆင့်မြင့်ပညာရေးကဏ္ဍရဲ့ အရည်အသွေးသတ်မှတ်ချက် စံနှုန်းများ၊ အဆင့်မြင့်ပညာရေးဥပဒေကြမ်း ရေးဆွဲခြင်းများနှင့် အဆင့်မြင့်ပညာမှာရှိတဲ့ တက္ကသိုလ်များအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး၊ ပညာရပ်ဆိုင်ရာသင်ထောက်ကူများ မြှင့်တင်ရေး၊ စာကြည့်တိုက်များ အဆင့်မြှင့်တင်ရေး ဒါတွေကို အကြံပြုထားတာတွေ့ရပါတယ်။ ဒါကြောင့် ဘတ်ဂျက် တောင်းခံမှုတွေမှာ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးမှုအတွက်လိုအပ်တဲ့ လိုအပ်ချက်တွေကို အဓိကထား တောင်းခံဖို့ အရေးကြီးပါတယ်။ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် လုပ်ဆောင်ဖို့ လိုအပ်တဲ့အတွက် နိုင်ငံတကာအဆင့်မီနိုင်ဖို့ နိုင်ငံတကာနှင့် ချိတ်ဆက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတွေကိုလည်း လုပ်ဆောင်ဖို့လိုအပ်ပါတယ်။

ဒါကြောင့် အဆင့်မြင့်ပညာဌာနမှာရှိတဲ့ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များရဲ့ ဘတ်ဂျက် တောင်းခံမှုတွေကို မည်သို့ စီမံထိန်းကျောင်းထားကြောင်းနှင့် နိုင်ငံတကာအဆင့်မီနိုင်ရေး ချိတ်ဆက်နိုင်ရေးကို တာဝန်ရှိတဲ့အဖွဲ့အစည်းတွေက မည်သို့ စီမံဆောင်ရွက်ထားကြောင်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ရန်ကုန်-မန္တလေး မြို့ကြီးများအပါအဝင် မြို့ကြီး(၆) မြို့တွင် ဖွင့်လှစ်ထားသည့် အားကစားနှင့် ကာယသိပ္ပံကျောင်းများတွင် အားကစားနှင့်ပတ်သက်သည့် ပညာရပ်များကို(၃)နှစ်တာ စာတွေ့လက်တွေ့ သင်ကြားခဲ့ပြီးသည့် အားကစားနှင့် ကာယသိပ္ပံ ကျောင်းဆင်းများကို တစ်နိုင်ငံလုံးရှိ အခြေခံပညာ အလယ်တန်း ကျောင်းများနှင့် အထက်တန်းကျောင်းများတွင် လိုအပ်လျက်ရှိသည့် ကာယဆရာများအဖြစ် ခန့်အပ်ပေးသွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ရန်ကုန် - မန္တလေး မြို့ကြီးများအပါအဝင် မြို့ကြီး (၆)မြို့တွင် ဖွင့်လှစ်ထားသည့် အားကစားနှင့် ကာယသိပ္ပံကျောင်းများတွင် အားကစားနှင့် ပတ်သက်သည့် ပညာရပ်များကို(၃)နှစ်တာ စာတွေ့လက်တွေ့ သင်ကြားခဲ့ပြီးသည့် အားကစားနှင့် ကာယသိပ္ပံ ကျောင်းဆင်းများကို တစ်နိုင်ငံလုံးရှိ အခြေခံပညာ အလယ်တန်းကျောင်းများနှင့် အထက်တန်းကျောင်းများတွင် လိုအပ်လျက်ရှိသည့် ကာယဆရာများအဖြစ် ခန့်အပ်ပေးသွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို ဦးစွာပထမ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ မေးမြန်းမယ့် မေးခွန်း

ကတော့ ကျွန်တော်တို့ နိုင်ငံတော်အတွင်းမှာ ရန်ကုန် - မန္တလေး မြို့ကြီးများအပါအဝင် မြို့ကြီး (၆)မြို့မှာ ဖွင့်လှစ်ထားတဲ့ အားကစားနှင့် ကာယသိပ္ပံကျောင်းများမှာ အားကစားနှင့် ပတ်သက်သည့် ပညာရပ်တွေကို (၃)နှစ်တာ စာတွေ့လက်တွေ့ သင်ယူပြီးခဲ့သည့် အားကစားနှင့် ကာယသိပ္ပံ ကျောင်းဆင်းများကို တစ်နိုင်ငံလုံးမှာလိုအပ်လျက်ရှိတဲ့ အခြေခံပညာ အထက်တန်းကျောင်းများနှင့် အလယ်တန်းကျောင်းများတွင် ကာယနည်းပြဆရာများအဖြစ် ရွေးချယ်ခန့်အပ်သွားရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းမှာ ကျန်းမာကြံ့ခိုင်ပြီးတော့မှ နိုင်ငံ့လက်ရွေးစင် မျိုးဆက်သစ် အားကစားသမားများပေါ်ထွန်းရေးကို ရည်သန်ပြီးတော့မှ ရန်ကုန် အားကစားနှင့် ကာယသိပ္ပံကို ၁၉၉၇ ခုနှစ်မှာလည်းကောင်း၊ မန္တလေး အားကစားနှင့် ကာယသိပ္ပံကို ၂၀၀၂ ခုနှစ်မှာလည်းကောင်း စတင်ဖွင့်လှစ် သင်ကြားပေးခဲ့ပြီး အခုဆိုလျှင် မော်လမြိုင်၊ တောင်ကြီး၊ မုံရွာ၊ လွိုင်ကော်မြို့ကြီးများပါ ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါတယ်။ လာမယ့် ၂၀၁၉ - ၂၀၂၀ မှာဆိုရင် ရခိုင်ပြည်နယ်၊ စစ်တွေနှင့် ချင်းပြည်နယ်၊ ဟားခါးမြို့တို့မှာလည်း ထပ်မံဖွင့်လှစ်မယ်ဖြစ်ကြောင်း သိရှိရပါတယ်ခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့ကြီးများ အားလုံးမှာလည်း အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ ဖွင့်လှစ်ဖို့လည်း ကြိုးစားဆောင်ရွက်သွားမယ်ဖြစ်ကြောင်းလည်းသိရှိရပါတယ်။

ရန်ကုန်၊ မန္တလေး အားကစားနှင့် ကာယသိပ္ပံကျောင်းများမှာ ကျောင်းသား၊ ကျောင်းသူ (၅၅၀)ဦးနှင့် မော်လမြိုင်၊ တောင်ကြီး၊ အားကစားနှင့် ကာယသိပ္ပံကျောင်းများမှာ ကျောင်းသား၊ ကျောင်းသူ(၂၅၀)ဦးကိုလည်းကောင်း၊ မုံရွာ၊ လွိုင်ကော်နှင့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှာတော့ ကျောင်းသား၊ ကျောင်းသူ(၁၅၀)ဦးကို လက်ခံသင်ကြားပို့ချပေးလျက်ရှိပါတယ်။ ပို့ချပေးတဲ့ အားကစားဘာသာကတော့ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကတ်ဘော၊ ခြင်းလုံး၊ ကြက်တောင်၊ ရေကူး၊ မြားပစ်၊ လက်ဝှေ့၊ တင်းနစ် စတဲ့ အားကစား ဘာသာရပ် (၂၅)မျိုးကို သူ့ Event အလိုက် စနစ်တကျ သင်ကြားပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများတွင် တက်ရောက်လိုပါက အဋ္ဌမတန်းသို့ရောက်ရှိရမည်ဖြစ်ပြီး အသက် (၁၃)နှစ် အရပ် (၅)ပေ (၆)လက်မ ပေါင်ချိန် (၁၀၀) ရှိရမည်ဖြစ်ပြီး မိမိကျွမ်းကျင်သည့်အားကစားကို ရွေးချယ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့ကြီးများမှာ လူတွေ့စစ်ဆေးမှုများ ပြုလုပ်ပြီးတော့မှ Final Selection ပြုလုပ်ကာ သတ်မှတ်စံနှုန်းများနှင့်အညီ ရွေးချယ်အတည်ပြုကာ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများတွင် တက်ရောက်ကြရပါတယ်။ အားကစားနှင့် ကာယသိပ္ပံကျောင်းများမှာ (၃)နှစ်တာ အားကစားပညာရပ်များကို အတန်းပညာရပ်နှင့်အတူ ပူးတွဲ သင်ယူနေကြရပါတယ်။ အားကစားပညာရပ်ကို နေ့စဉ် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် လေ့ကျင့်သင်ကြားရပြီး အတန်းပညာရပ်များကိုတော့ နံနက်(၈)နာရီမှ (၁၂)နာရီအထိ ထပ်မံသင်ယူ သင်ကြားရပါတယ်။ အတန်းပညာရပ်တွေကို တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများအတိုင်း သင်ကြားရပြီး စာမေးပွဲမေးခွန်းများကိုလည်း အခြေခံပညာကျောင်းများအတိုင်း ဖြေဆိုနေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလျဥ်းသင့်လို့ အနည်းငယ်ရှင်းပြလိုပါတယ်။ အားကစားနှင့် ကာယသိပ္ပံကျောင်းများဟာ အားကစားပညာရပ်ကိုသာ သူ့ Events အလိုက် အဓိကလက်တွေ့သင်ကြားပေးရမယ့်ကျောင်းများဖြစ်ပြီး ထိုအားကစားနှင့် ကာယသိပ္ပံကျောင်းများသို့ တက်ရောက်ခွင့်ရှိသူအားလုံးကလည်း အားကစားပညာရပ်ကိုသာ အဓိကထား တက်ရောက်သင်ယူကာ မိမိတို့ရဲ့ ကျွမ်းကျင်ရာ အားကစားဘာသာရပ်အလိုက် ထူးချွန်လိုသူများသာ ဖြစ်ကြပါတယ်။ အားကစားကိုလည်း နံနက်၊ ညနေ လက်တွေ့လေ့ကျင့်ရ၊ အတန်းပညာများကိုလည်း သင်ကြားရနဲ့ အားကစားနှင့် ကာယသိပ္ပံကျောင်း နောက်ဆုံးနှစ်ရောက်တဲ့အချိန်မှာတော့ တက္ကသိုလ်ဝင်တန်း (၁၀တန်း)နှင့် ရင်ဆိုင်ကြုံတွေ့ရပြီး အခြားသူများထက် ပိုမိုပင်ပန်းနေတဲ့ အားကစားနှင့် ကာယသိပ္ပံကျောင်းသူ၊ ကျောင်းသားများဟာ (၁၀ တန်း) စာမေးပွဲဖြေဆိုတဲ့အခါမှာတော့ အောင်မြင်သူအလွန်နည်းလာပြီး ယခု ၂၀၁၈ ခုနှစ်မှာ (၁၀ တန်း) စာမေးပွဲအောင်မြင်သူ တစ်ယောက်မျှမရှိခဲ့ဘူးလို့ သိရှိရပါတယ်။ ဒါကြောင့်မို့လို့ အားကစားနှင့် ကာယသိပ္ပံကျောင်းတွေမှာ အတန်းပညာ ဘာသာရပ်တွေအားလုံး သင်ကြားပေးနေရတာကို တာဝန်ရှိသူများအနေနဲ့ ပြန်လည်စဉ်းစားသင့်ပြီလို့ ယူဆ - - - - - - - -

**ဥက္ကဋ္ဌ**။　။ ကိုယ်စားလှယ်ကြီးက ဒါ သင်တန်းကျောင်းတွေ၊ ကျောင်းဆရာ၊ ကာယဆရာ အဖြစ် ခန့်ပေးဖို့ မေးခွန်းမေးမှာ။ ဆွေးနွေးနေတာမဟုတ်ဘူး။ ကျောင်းမှာ ဘယ်လိုသင်ဖို့၊ ဘယ်ဟာဆိုတာ။ တိုလိုရှင်းပဲဆွေးနွေးပေးပါ။

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။　။ ဟုတ်ကဲ့။ အားကစားနှင့် ကာယသိပ္ပံကျောင်းများမှာ (၃)နှစ်တာစာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ရပါသော်လည်း (၁၀ တန်း) မအောင်မြင်လို့ အားကစားနှင့် ကာယသိပ္ပံကျောင်းမှ နှုတ်ထွက်လိုက်ရတဲ့ ကျောင်းသူ၊ ကျောင်းသားများဟာ အင်မတန် နစ်နာလှပါတယ်။ သူတို့ရဲ့ အားကစားနဲ့ဘဝရပ်တည်မယ့် ရည်မှန်းချက်၊ အနာဂတ်တွေလည်း ပျောက်ဆုံးကုန်ကြပါတယ်။ တကယ်ဖြစ်သင့်တာကတော့ အားကစားနှင့် ကာယသိပ္ပံကျောင်းများမှာ တက်ရောက်ပြီးစီးမှု Certificate များ ပေးအပ်ပြီးတော့မှ ၎င်းတို့နှင့်သင့်တော်တဲ့ နေရာများမှာ ရွေးချယ်ခန့်အပ်ပေးသင့်တယ်လို့ ယူဆပါတယ်။ ကျန်းမာ၊ ကြံ့ခိုင်တဲ့ မြန်မာ့လူ့ဘောင်ကို တည်ဆောက်တဲ့နေရာမှာ အားကစားရဲ့အခန်းကဏ္ဍက အလွန်အရေးကြီးလှပါတယ်။ သို့ဖြစ်ပါ၍ အားကစားနှင့် ကာယသိပ္ပံကျောင်းများမှာ မိမိ ကျွမ်းကျင်ရာဘာသာရပ်အလိုက် စာတွေ့၊ လက်တွေ့ (၃)နှစ်တာ လက်တွေ့သင်ယူတတ်မြောက်ပြီးခဲ့တဲ့ အားကစားနှင့် ကာယသိပ္ပံကျောင်းဆင်းများကို တစ်နိုင်ငံလုံးရှိ အခြေခံပညာအလယ်တန်းကျောင်းများနှင့် အထက်တန်းကျောင်းများတွင် လိုအပ်နေတဲ့ ကာယဆရာ၊ နည်းပြများအဖြစ် ရွေးချယ်ခန့်အပ်ပေးသွားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ (မန်း)သံပုရာကန် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေးက မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ (မန်း)သံပုရာကန် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ပထမဦးဆုံး ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ဖြစ်ပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ဒီနေ့မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းမှာ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ (မန်း)သံပုရာကန် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း ဖြစ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ အထက်ပါ အကြောင်းအရာကိစ္စနှင့်ပတ်သက်၍ (မန်း)သံပုရာကန် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟာ မင်းလှမြို့အထက်တန်းကျောင်းနှင့် (၃)မိုင်ခန့်ကွာဝေးသော ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ အဲဒီကျောင်းဟာ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံ၊ ဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံ (မန်း)သံပုရာကန် အထက်မင်းလှ အခြေခံပညာမူလတန်းကျောင်းကို ၈ - ၉ - ၁၉၈၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး အခြေခံပညာအလယ်တန်းကျောင်းကို ၅ - ၉ - ၁၉၈၃ ခုနှစ်မှာ ဖွင့်လှစ်ရရှိကာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို ၁ - ၃ - ၁၉၉၇ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်ရှင်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို ဖွင့်လှစ်ခဲ့သည့်မှာ ၁၉၉၇ - ၁၉၉၈ ပညာသင်နှစ်မှ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အထိ အ.ထ.က(ခွဲ) ဖွင့်လှစ်သည့်နှစ်မှာ (၂၁)နှစ်ကြာမြင့်ပြီ ဖြစ်ပါတယ်။ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်မှာ ဒသမတန်းကျောင်းသား၊ ကျောင်းသူ(၅၀)ဦး၊ နဝမတန်းကျောင်းသား၊ ကျောင်းသူ(၆၈)ဦးနှင့် အဋ္ဌမတန်းကျောင်းသား၊ ကျောင်းသူ(၆၃)ဦးရှိလာပြီး ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်မှာ ဒသမတန်းကျောင်းသား၊ ကျောင်းသူ(၈၅)ဦး၊ နဝမတန်းကျောင်းသား၊ ကျောင်းသူ (၁၂၀)ဦးခန့်ဖြစ်လာ၍ စုစုပေါင်း အထက်တန်းကျောင်းသူ၊ ကျောင်းသား(၂၁၀)ဦးခန့် ရှိလာမည်ဖြစ်၍ K.G တန်းက

နေပြီးတော့ ဒသမတန်းအထိ စုစုပေါင်းကျောင်းသား၊ ကျောင်းသူ(၄၇၀)ဦးအထိ တိုးတက်လာမှာဖြစ်ပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးရှင်။ Power Point ပြသခွင့်ပြုပါရန် လေးစားစွာ ခွင့်ပန်အပ်ပါတယ်ရှင်။ အဲဒါကတော့ အခြေခံပညာအထက်တန်းကျောင်း (မန်း)သံပုရာကန်ရဲ့ တစ်ထပ်ဆောင်ဖြစ်ပါတယ်။ အဲဒါကတော့ နှစ်ထပ်ဆောင် ဖြစ်ပါတယ်။ အဲဒါကတော့ ကျောင်းဆောင်များရဲ့ နောက်မျက်နှာစာ၊ ရှေ့မျက်နှာစာ၊ ကျောင်းဆောင်ကြီးများ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ အဲဒါကတော့ ကျောင်းအဝင်ဂိတ် ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျောင်းအဆောက်အဦအနေဖြင့်လည်း ကျောင်းဆောင်တွေမှာ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အောက်ထပ်မှာ ကွန်ကရစ်ခင်း၊ အပေါ်မှာ ပျဉ်ခင်း စာသင်ခန်း(၂၄)ခန်း၊ ရုံးခန်း(၁)ခန်းနဲ့ ခန်းမကြီး(၅)ခန်း စုစုပေါင်း(၃၀)ခန်းပါတဲ့ အဆောက်အဦဖြစ်ပါတယ်ရှင်။ အခြား ကွန်ပျူတာခန်း၊ သိပ္ပံခန်း၊ စာကြည့်တိုက်ခန်း၊ ပန်းချီ၊ ရသခန်း၊ ဂီတခန်း၊ အိမ်တွင်းမှုအခန်းနှင့် သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုတဲ့ Multi Media Classroom ၊ Grade C စတဲ့အခန်းတို့ ပါရှိပြီး လိုအပ်တဲ့အထောက်အကူပြု ပစ္စည်းများဖြင့်လည်း ဖြည့်စွက်ထားပြီးဖြစ်ပါတယ်။ အဆောင်(၂)မှာလည်း အခန်း(၁၂)ခန်းပါရှိ၍ မူလတန်းဆောင်အဖြစ် အသုံးပြုနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ (မန်း)သံပုရာကန် အ.ထ.က(ခွဲ) ဖွင့်လှစ်ခဲ့သည်မှာ (၂၁)နှစ်ကြာမြင့်သည့်ကာလအတွင်း ထူးချွန်ကျောင်းသားများကိုလည်း နှစ်စဉ်မွေးထုတ်ပေးတဲ့ ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ မိဘများဟာလည်းပဲ ဝန်ထမ်းများဖြစ်ပြီးတော့ သားသမီးများရဲ့ ကိုယ်တိုင်အနီးကပ် ကြပ်မတ်မှုမရှိနိုင်ဘဲနဲ့ ကျောင်းသားသင်ပညာရေးကိုသာ အထူးအားကိုးနေရပြီဖြစ်သဖြင့် စက်ရုံရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွင်း အင်အားပြည့်မှုရှိပြီးတော့ ကျောင်းအဆောက်အဦဖြင့်လည်းကောင်း၊ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု ပစ္စည်းများဖြင့်လည်းကောင်း၊ သိပ္ပံခန်း၊ စာကြည့်တိုက်ခန်း ပြည့်စုံမှုတွေနဲ့လည်း ပြည့်ဝစွာရှိသောကြောင့် (မန်း)သံပုရာကန် အထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်မှာ အဆင့်တိုးဖွင့်လှစ်ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ မန်းသံပုရာကန် တစ်ထပ်ဆောင် မြင်ကွင်းပုံ(ဂဂ)



အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ မန်းသံပုရာကန် နှစ်ထပ်ဆောင် မြင်ကွင်းပုံ(ဂဂ-၁)



အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ မန်းသံပုရာကန်ကျောင်း အဝင်ဂိတ် မြင်ကွင်းပုံ(၈၈-၂)



**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၅။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။　　။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ကရင်ပြည်နယ် အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်သော နော်ခရစ္စထွန်း (ခ)ဒေါက်တာအားကာမိုး ရဲ့မေးခွန်းဖြစ်တဲ့ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၏ ဘတ်ဂျက် တောင်းခံမှုကို မည်သို့စီမံထိန်းကျောင်းထားကြောင်းနှင့် ယင်းအသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၏ နိုင်ငံတကာအဆင့်မီရေး၊ နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်ရေးတို့အတွက် တာဝန်ရှိသည့် အဖွဲ့အစည်း များမှ မည်သို့စီမံဆောင်ရွက်ထားခြင်းကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်းပြီး ဦးစွာ ဖြေကြား တင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များအနေနဲ့ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စသည်ဖြင့် ဝန်ကြီးဌာနအသီးသီးအောက်မှာ တည်ထောင် ဖွင့်လှစ်ထားပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကျွန်တော် မေးခွန်းကို ရှင်းလင်းတင်ပြရာမှာလည်း

ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ချက်များကို ဝန်ကြီးဌာနအလိုက် ပေါင်းစပ်ဖြေကြားချက် များနှင့်အတူ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာ ဦးစီးဌာန လက်အောက်မှာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်တဲ့ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာ တက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များနှင့် နိုင်ငံခြား ဘာသာသင် တက္ကသိုလ်များ စသည်ဖြင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်(၆၇)ကျောင်းရှိပါကြောင်း တင်ပြအပ် ပါတယ်။ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များအပါအဝင် အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏ ဘတ်ဂျက်တောင်းခံမှုကို စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသည့် နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း မူဘောင် (Budget Ceiling) အတွင်း သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို စိစစ်တွက်ချက်ပြီး ပညာရေးဝန်ကြီး ဌာနမှတစ်ဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အဆင့်ဆင့်တင်ပြပြီး အတည်ပြုချက် ရယူ ဆောင်ရွက်ရပါကြောင်း တင်ပြအပ်ပါတယ်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် နှစ်စဉ်တိုးတက်လာတဲ့ ကျောင်းသား၊ ကျောင်းသူအင်အား၊ ဆရာ၊ ဆရာမအင်အားအပေါ်မူတည်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်ကိုလည်း (Budget Ceiling) အတွင်းမှ တွက်ချက်ရေးဆွဲပြီး သာမန်အသုံးစရိတ် တွက်ချက်မှုများနှင့်အတူ ပညာရေးဝန်ကြီးဌာနမှတစ်ဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနများသို့ အဆင့်ဆင့် တင်ပြ အတည်ပြုချက် ရယူဆောင်ရွက်ရပါကြောင်း တင်ပြအပ်ပါတယ်။ ခွင့်ပြုချက်ရရှိပြီးတဲ့ ရန်ပုံငွေများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များသို့ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲ နိုင်ရန် ဘဏ္ဍာငွေများ ခွဲဝေခွင့်ပြုဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်များ လျာထားတွက်ချက်ရာတွင်လည်း တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏ ဦးစားပေး လိုအပ်ချက် အရ စိစစ်ပြီး စာသင်ဆောင်များ၊ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ၊ အမှုထမ်း၊ အရာထမ်း အိမ်ရာများ၊ စာကြည့်တိုက်များ၊ လမ်းများ၊ ရေ၊ မီးနှင့် အခြားလုပ်ငန်းများကို ဘဏ္ဍာရေး လုပ်ငန်းနှင့် အညီ တင်ဒါခေါ်ယူပြီး လုပ်ငန်းအပ်နှံ ဆောင်ရွက်ရပါတယ်။

ယခုဆောင်ရွက်နေတဲ့ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် (၆)လဘတ်ဂျက်အထိ အဆင့်မြင့်ပညာ ဦးစီးဌာနရှိ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ၏ ဘဏ္ဍာငွေသုံးစွဲမှုကို အောက်ပါအတိုင်း တင်ပြ အပ်ပါတယ်။ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် စုစုပေါင်း(၁၃၄)ကျောင်း အတွက် သာမန်အသုံးစရိတ် ကျပ်(၇၁.၈)ဘီလီယံ သုံးစွဲတာရှိပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်ကျပ် (၄၆.၂)ဘီလီယံ သုံးစွဲတာရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ အသက်မွေးဝမ်းကျောင်း တက္ကသိုလ် (၆၇)ကျောင်းအတွက် သာမန်အသုံးစရိတ် ကျပ်(၂၀.၁)ဘီလီယံ သုံးစွဲတာရှိပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်အနေဖြင့် ကျပ်(၂၄.၂၅)ဘီလီယံ သုံးစွဲတာရှိပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များအပါအဝင် အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအားလုံး နိုင်ငံတကာအဆင့်မီ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆ - ၂၀၂၁ ၏ အဆင့်မြင့်ပညာရေးကဏ္ဍ၊ အခန်း ၁၂၊ အပိုဒ် ၃ တွင်ပါရှိသော အဆင့်မြင့်ပညာရေးဆိုင်ရာ

အပြောင်းအလဲ များကို ပေါက်မြောက်အောင်မြင်စေရန် ဆောင်ရွက်နိုင်သကဲ့သို့ အဆင့်မြင့်ပညာရပ်၏ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုအားကောင်းစေခြင်းဆိုင်ရာ မဟာဗျူဟာ(၁)၏ လုပ်ငန်းအစီအစဉ်(၅)ရပ် အနက် အလေ့အကျင့်ကောင်းများကို မှတ်သားထားရန်နှင့် မိတ်ဖက်များထူထောင်ရန် နိုင်ငံခြား လေ့လာရေးခရီးများစေလွှတ်ခြင်း ဆိုတဲ့အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ပါကြောင်း တင်ပြအပ်ပါတယ်။ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများကို နိုင်ငံတကာတွင် အဆင့်မြင့်ပညာကဏ္ဍ၌ ကျင့်သုံးလျက်ရှိသော အလေ့အကျင့် ကောင်းများနှင့် လုပ်ငန်းစဉ်များ ထိတွေ့သိရှိနိုင်ရန် ဒေသတွင်းနိုင်ငံများနှင့် အခြားနိုင်ငံများသို့ လေ့လာရေးစေလွှတ်ပေးခြင်း၊ ခရီးစဉ်များမှ လေ့လာတွေ့ရှိချက်များအား ပြန်လည် ဖြန့်ဝေခြင်း၊ နိုင်ငံတကာတက္ကသိုလ် သုတေသနဌာနများနှင့် မိတ်ဖက်ဌာနများအဖြစ် ချိတ်ဆက်ခြင်း၊ နားလည်မှု စာချွန်လွှာ၊ သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းတို့ကို အဆင့်ဆင့် ဆောင်ရွက်နေ ပါကြောင်း တင်ပြအပ်ပါတယ်။

အသက်မွေးဝမ်းကျောင်းတက္ကသိုလ် (၆၇)ကျောင်းမှာ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုကို တင်ပြရရင် အသက်မွေးဝမ်းကျောင်းတက္ကသိုလ် (၆၇)ကျောင်းအနေနဲ့ နိုင်ငံတကာနဲ့ MoU (၁၁၇)စောင်၊ MOA (၂၉)စောင်၊ ROD (၃) စောင်၊ LOI (Letter Of Intent) (၃)စောင်၊ နောက် သဘောတူညီချက် (၁၃)စောင်၊ အားလုံး(၁၆၅)ခု ဆောင်ရွက်ပြီးပါကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုပဲ အဆင့်မြင့်ပညာ ဦးစီးဌာန လက်အောက်မှာရှိတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်စုစုပေါင်း (၁၃၄)ကျောင်း အနေနဲ့ နိုင်ငံတကာနဲ့ချိတ်ဆက်ထားတဲ့ MOU ပေါင်း (၂၄၃)စောင်၊ MOA ပေါင်း (၇၆)စောင်၊ Record of Discussion (ROD) ပေါင်း(၈)စောင်၊ Letter Of Intent (LOI) (၄)စောင်၊ Letter Of Agreement (၃)စောင်၊ နောက် သဘောတူညီချက် (၁၃)စောင်၊ စုစုပေါင်း (၃၄၇)ခု ဆောင်ရွက်ခဲ့ ပါကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် မိတ်ဖက်တက္ကသိုလ်များနှင့်လည်းကောင်း၊ အခြားတက္ကသိုလ်များနှင့်လည်းကောင်း၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ သုတေသနစာတမ်းဖတ်ပွဲများ တက်ရောက်ရန် ဖိတ်ကြားခြင်း၊ နိုင်ငံတကာတက္ကသိုလ်များမှ ပညာရှင်များကိုဖိတ်ခေါ်ပြီး စာတမ်းဖတ်ပွဲများ ဆောင်ရွက် ပေးလျက်ရှိသလို ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အပြန်အလှန် လဲလှယ်စေလွှတ် သော လေ့လာရေးခရီးများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြပါတယ်။ နိုင်ငံတကာ တက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများက ကျင်းပသော အစည်းအဝေး၊ နှီးနှောဖလှယ်ပွဲများသို့ ဘာသာရပ်နှင့်ကိုက်ညီသူများကို ရွေးချယ်စေလွှတ်ခြင်း၊ သင်တန်း၊ ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့၊ ပါရဂူ ဘွဲ့များအတွက်လည်း သင့်တော်သည့်ပညာသင်များကို ရွေးချယ်စေလွှတ်ခြင်း၊ အတွေ့အကြုံများကို ပြန်လည်မျှဝေခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်ပညာကဏ္ဍ ပညာရေးပြုပြင်ပြောင်းလဲမှုများကို လျင်မြန်စွာတိုးတက်ပြောင်းလဲစေရေးနှင့် အခြားလုပ်ငန်းများ ချောမွေ့အောင်မြင်စေရေးအတွက် ပါမောက္ခချုပ်များ ကော်မတီတစ်ရပ်ကိုလည်း တိုးချဲ့ဖွဲ့စည်းပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် တက္ကသိုလ်အလိုက် ဆရာများသမဂ္ဂ၊ ကျောင်းသားများသမဂ္ဂများ အစရှိသည်တို့ကိုလည်း

စနစ်တကျဖွဲ့စည်းပေးပြီး မိမိတက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းပါဝင်နိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အသက်မွေးဝမ်းကြောင်းတက္ကသိုလ်အများစုသည် နိုင်ငံတကာ အသိအမှတ်ပြု ISO လက်မှတ်များရရှိထားပြီး ဖြစ်ပါတယ်။ ကျန်တက္ကသိုလ်များသည်လည်း ISO လက်မှတ်ရရှိသော တက္ကသိုလ်များဖြစ်လာစေရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံတကာအဆင့်မီ သုတေသနအခြေပြု တက္ကသိုလ်များဖြစ်လာစေရန် လက်တွေ့ခန်း၊ ဓာတ်ခွဲခန်းသုံး ခေတ်မီပစ္စည်းများကိုလည်း နှစ်စဉ် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကျောင်းသား၊ ကျောင်းသူများရဲ့ လက်တွေ့စမ်းသပ် ပြုလုပ်တတ်မှုများ၊ တီထွင်ဖန်တီးထားမှုများကို တက္ကသိုလ်အလိုက် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိပါတယ်။ အထူးအားဖြင့် အဆင့်မြင့်ပညာဦးစီး ဌာနက တက္ကသိုလ်၊ ကောလိပ်များ စုပေါင်းပါဝင်တဲ့ Science and Technology Fair 2018 ကိုလည်း ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့နှင့် ၁၆ ရက်နေ့များတွင် နေပြည်တော်တွင် ကျင်းပ ဆောင်ရွက်ပေးခဲ့ပါကြောင်း ဒါ ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုအနေဖြင့် ဦးစွာတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ဖြေကြားချက်အရ ဝန်ကြီးဌာနလက်အောက်မှာ ဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်(၁၅)ခု၊ သင်တန်း ကျောင်းပေါင်း စုစုပေါင်း(၅၀)ရှိပြီး ၎င်းတို့အတွက် ဘတ်ဂျက်များ လျာထားတောင်းခံရာမှာ တက္ကသိုလ်၊ သင်တန်းကျောင်းအသီးသီးမှ အမျိုးသားကျန်းမာရေးစီမံကိန်း လျာထားချက်များအရ နှစ်အလိုက် တင်ပြသော ရန်ပုံငွေလျာထားချက်များကို အမျိုးသားစီမံကိန်းဥပဒေတွင် ထည့်သွင်းရေးဆွဲပြီးမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနသို့ ပေးပို့ဆောင်ရွက်ရပါတယ်။ ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်ပြီး သက်ဆိုင်ရာဘဏ္ဍာရေးနှစ်တွင် ငွေစာရင်းခေါင်းစဉ်အလိုက် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများပြုစု၍ အဆင့်ဆင့်စိစစ်မှုခံယူပြီး ဘဏ္ဍာရေးခွင့်ပြုမိန့်ရရှိတဲ့အခါ ဆေး တက္ကသိုလ်နှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်၊ သင်တန်းကျောင်းများသို့ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီး များမှတစ်ဆင့် အသုံးစရိတ်များ ကျခံသုံးစွဲရန် ခွဲဝေလျာထားပေးရတာ ရှိပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ၎င်းလက်အောက်ရှိ တက္ကသိုလ်များအား နိုင်ငံတကာရှိတက္ကသိုလ်များနှင့် နိုင်ငံတကာအဆင့်မီပညာရေး အဆင့်အတန်း မှီစေရေးအတွက် နိုင်ငံတကာဆေးတက္ကသိုလ်များ၏ သင်ရိုးများအတိုင်း Integrated Curriculum ဖြင့် ဆေးတက္ကသိုလ် များရှိ ဘွဲ့ကြိုသင်တန်းများကို ၂၀၁၉ ခုနှစ် ပညာသင်နှစ်မှစ၍ စတင်ဆောင်ရွက်နိုင်ရန် စီစဉ် ဆောင်ရွက်ထားပါကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံတကာ တက္ကသိုလ်များအချင်းချင်း Student Exchange၊ Faculty Exchange၊ Joint Research၊ Collaborative Meetings and Seminars များပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် LOI (Letter of Intent) (၂၂)ခု၊ LOA (Letter of Agreement) (၆၂)ခု၊ MOU (Memorandum of Understanding) (၃၀)ခု၊ AOC (Agreement for Cooperation) (၅၈)ခုတို့ကို နိုင်ငံတကာအဆင့်နှင့် တက္ကသိုလ်များနှင့် လက်မှတ်ရေးထိုး ဆောင်ရွက် ပြီးပါကြောင်း တင်ပြအပ်ပါတယ်။

ဒ့ါအပြင် WHO ၊ NGO အဖွဲ့အစည်းများ၏ ပညာရပ်ဆိုင်ရာ နည်းပညာထောက်ပံ့မှုများဖြင့် နိုင်ငံတကာတက္ကသိုလ်များတွင်လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ စီစဉ်ပြုလုပ်သော ညီလာခံများသို့လည်းကောင်း၊ တက္ကသိုလ်ဆရာ၊ ဆရာမများအား တက်ရောက်စေသော အသိပညာဖလှယ်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း တက္ကသိုလ်များ အချင်းချင်း ချုပ်ဆိုခဲ့သော LOA ၊ MOU များ စုစုပေါင်း (၁၇၂)ခုအနက် (၈၃)ခုမှာ လက်ရှိ ၂၀၁၈ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဆေးလက်တွေ့ဘာသာရပ်များ အတွက် နိုင်ငံတကာအဆင့်မီ ရင်ဘောင်တန်းနိုင်သော United Kingdom နိုင်ငံရှိ တော်ဝင်တက္ကသိုလ်များမှ အသိအမှတ်ပြုဘွဲ့များဖြစ်သည့် MRCP ၊ MRCS ၊ MRCPCH ၊ MRCOG ၊ MRC (Path) ဘွဲ့များအတွက်လည်း အရည်အချင်းရှိသူများအား စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ရေးအတွက် စီစဉ်ထားပါကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားချက်အား တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၏ နှစ်စဉ်ဘဏ္ဍာငွေအသုံးစရိတ်များကို ဘတ်ဂျက်တောင်းခံရာတွင် သင်ကြားရေးလုပ်ငန်းများ၊ စီမံရေးလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် သာမန်အသုံးစရိတ် ရန်ပုံငွေဖြင့်လည်းကောင်း၊ အခြားလိုအပ်သော စာကြည့်တိုက်၊ ဓာတ်ခွဲခန်း၊ သင်ထောက်ကူပစ္စည်းများနှင့် သင်ကြားရေးအထောက်အကူပြု ပစ္စည်းများကို ငွေလုံးငွေရင်းရန်ပုံငွေဖြင့်လည်းကောင်း တွက်ချက်ပြုစု တင်ပြအပ်ပါတယ်။ သတ်မှတ်ထားသော ဘဏ္ဍာငွေ ပမာဏဘောင် (Ceiling) ပေါ်မူတည်ပြီး ပြည်ထောင်စုဝန်ကြီးဌာနက စိစစ်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြ ခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ သုံးစွဲလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

၎င်းဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များအား နိုင်ငံတကာနှင့်ချိတ်ဆက်နိုင်ရေးအတွက် တက္ကသိုလ်တွင်း နိုင်ငံတကာဆက်သွယ်ရေး သတင်းနည်းပညာဌာနကို ဖွဲ့စည်းပြီးဖြစ်ပြီး သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများတွင် အထောက်အပံ့ ဖြစ်စေရန် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းနိုင်မည့် နယ်ပယ်များတွင် နားလည်မှုစာချွန်လွှာများကို နိုင်ငံတော်၏ ချမှတ်ထားသောမူများနှင့်အညီ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအချိန်မှာ ပြည်ပအဖွဲ့အစည်း တက္ကသိုလ်ကြီး (၄)ခုနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး သင်ကြားရေးဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ပညာရေးဆိုင်ရာ နှီးနှောဖလှယ်မှုများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်အား တင်ပြအပ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ၎င်းတို့လက်အောက်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ မွေးမြူရေးဆိုင်ရာ တက္ကသိုလ်တို့အတွက် ဘတ်ဂျက်တောင်းခံရန် လိုအပ်ချက်များ ပြည့်မီစေရန် နိုင်ငံတကာ အဆင့်မြင့်စေရန် သင်ကြားရေးလိုအပ်ချက်များ နှစ်စဉ်ထည့်သွင်း အဆိုပြုခဲ့ပါတယ်။ သို့သော် ဘတ်ဂျက်စိစစ်ခွင့်ပြုတဲ့ ဌာနများအနေဖြင့် ယခင်နှစ်များ၏

ဘတ်ဂျက်ခွင့်ပြုငွေများပေါ်တွင် အခြေခံပြီး စိစစ်ခွင့်ပြုခဲ့သဖြင့် နှစ်သစ်လုပ်ငန်းသစ်အတွက် ဘတ်ဂျက်ပမာဏ သိသာစွာ တိုးမြှင့်ခွင့်ပြုချက် မရရှိပါကြောင်းနှင့် သတ်မှတ်ဘောင်အတွင်းမှ ခွင့်ပြုငွေဖြင့်သာ ဆောင်ရွက်ရပါကြောင်း ပေါင်းစပ်ဖြေကြားထားပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဟာ နိုင်ငံတကာပညာရေးစနစ်များနှင့် တန်းတူဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသတွင်း နိုင်ငံတကာ တက္ကသိုလ်များနှင့် သင်ကြားမှု၊ သင်ယူမှုဆိုင်ရာ သင်ကြားရေးစနစ်များ၊ သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးရေး ပညာပေးလုပ်ငန်းများ အစဉ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သင်ကြားမှုအခြေပြု တက္ကသိုလ်မှ သင်ယူမှုအခြေပြုနှင့် သုတေသနအခြေပြု တက္ကသိုလ်အဖြစ် ပြောင်းလဲနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ Semester စနစ်မှ Semester Credit စနစ်သို့ ပြောင်းလဲနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပြီး ရေဆင်းတက္ကသိုလ်မှ နှစ်စဉ် စိုက်ပျိုးရေးပညာဘွဲ့ရ (၅၀၀)ဦး၊ ဘွဲ့လွန်မဟာသိပ္ပံနှင့် ပါရဂူဘွဲ့ရဦးရေ နှစ်စဉ်(၅၀)မှ (၁၀၀)ဦးအထိ မွေးထုတ်လေ့ကျင့်ပေးလျက်ရှိခြင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ကျောင်းခွဲနယ်မြေ (၇)ခုအား သင်ကြားရေးအပြင် သုတေသနလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေရန် စီမံချက်နှင့် နိုင်ငံအတွက် လိုအပ်လောက်သော စိုက်ပျိုးရေးပညာ၊ နည်းပညာအသစ်များ သင်ကြားပေးနိုင်ရန် စီမံခြင်းတို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ဂျပန်နိုင်ငံ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)နှင့် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးသုတေသနတက္ကသိုလ်(IARI)နှင့် ပူးပေါင်း၍ အဆင့်မြင့် စိုက်ပျိုးရေးသုတေသနနှင့် သင်ကြားရေးဗဟိုဌာနများ ဆောင်ရွက်ခြင်း၊ ဩစတြေးလျ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနဌာန(ACIAR)နှင့် ပူးပေါင်းဆောင်ရွက်သကဲ့သို့ သုတေသနစီမံကိန်းများ (FAO)နှင့် ဆောင်ရွက်ပြီးစီးသောလုပ်ငန်းများ၊ ကုလသမဂ္ဂ၏ အထောက်အပံ့ဖြင့် စိုက်ပျိုးရေးတက္ကသိုလ် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါတယ်။

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များအနေဖြင့် ၂၀၁၃ ခုနှစ်မှစပြီး ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးတက္ကသိုလ်၊ မီယာဇာကီတက္ကသိုလ်၊ ရာကူနိုဂါကူအမ်တက္ကသိုလ်၊ ထိုင်းနိုင်ငံ၊ ချူလာလောင်ကွန်းတက္ကသိုလ်၊ မေဂျိုတက္ကသိုလ်ကောလိပ်၊ ကိုရီးယားနိုင်ငံ ဆိုးလ်အမျိုးသားတက္ကသိုလ်၊ ချီရိုနမ်ကောလိပ်၊ ကွန်းကုတက္ကသိုလ်၊ အင်္ဂလန်နိုင်ငံအခြေစိုက် လုပ်ငန်းခွင်သုံး တိရစ္ဆာန်များအား ကာကွယ်စောင့်ရှောက်သည့်အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိပြီး ဆရာ၊ ဆရာမများအား မဟာဘွဲ့၊ ပါရဂူဘွဲ့ သင်တန်းများ၊ လေ့လာရေးဆွေးနွေးပွဲတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်တဲ့ ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) အထောက်အပံ့ဖြင့် တိရစ္ဆာန်ကု သင်ကြားရေးဆေးရုံ အဆင့်မြှင့်တင်ခြင်း၊ တက္ကသိုလ်စာကြည့်တိုက် (E - Library) ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ အဏုမြူစွမ်းအင်

အေဂျင်စီ (IAEA) ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသန (ACIAR) တို့နှင့် ပူးပေါင်းပြီး သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ နယူးဇီလန်နိုင်ငံ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ Massey University နှင့်ပူးပေါင်းပြီး စိုက်ပျိုးရေးပညာ သင်တန်းများ၏ သင်ရိုးညွှန်းမာတိကာများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား ဩစတြေးလျနိုင်ငံ Queensland University နှင့်ပူးပေါင်းပြီး တက္ကသိုလ်၏ ဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်လျက်ရှိပါကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းဖြေကြားမှုအား တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကိုကိုနိုင် ရဲ့ မေးခွန်းဖြစ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ရန်ကုန် - မန္တလေး မြို့ကြီးများအပါအဝင် မြို့ကြီး (၆)မြို့တွင် ဖွင့်လှစ်ထားသည့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများတွင် အားကစားနှင့် ပတ်သက်သည့် ပညာရပ်များကို(၃)နှစ်တာ စာတွေ့လက်တွေ့ သင်ကြားခဲ့ပြီးသည့် အားကစားနှင့် ကာယသိပ္ပံကျောင်းဆင်းများကို တစ်နိုင်ငံလုံးရှိ အခြေခံပညာအလယ်တန်းကျောင်းများနှင့် အထက်တန်းကျောင်းများတွင် လိုအပ်လျက်ရှိသော ကာယဆရာများအဖြစ် ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးတက္ကသိုလ်များ၊ ပညာရေးကောလိပ်များနှင့် ဆရာအတတ်ပညာသင်တန်းများမှ အခြေခံပညာကျောင်းများအတွက် လိုအပ်သော ဆရာ၊ ဆရာမများ မွေးထုတ်လေ့ကျင့်ပေးလျက်ရှိပါတယ်။ ဒီသင်တန်းများအားလုံးမှာ (ကာယ)ပညာရပ်ကို ထည့်သွင်းသင်ကြားပေးပြီး မူလတန်းအဆင့်များအတွက် (ကာယ)ပညာရပ်များကို သင်တန်းတက်ရောက်တဲ့ ဆရာ၊ ဆရာမများ အားလုံးက သင်ကြားခဲ့ရပါတယ်။ အလယ်တန်းအဆင့်မှာ ဆရာအတတ်ပညာ အထူးသင်တန်းများ ပို့ချပေးပြီး အလယ်တန်းပြ ကာယများအဖြစ် စတင်ခန့်ထားခြင်းဖြင့်လည်းကောင်း၊ အခြေခံပညာ အထက်တန်းအဆင့်တွင် အထက်တန်းပြကာယများကို ရာထူးတိုး ခန့်ထားပေးခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ မေးခွန်းပါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှ သိပ္ပံဟု ခေါ်ဆိုထားသော်လည်း ဒီပလိုမာဘွဲ့ပေးသောကျောင်းများ မဟုတ်ပါကြောင်းနှင့် ထူးချွန်အားကစားသမားများ ပေါ်ထွန်းရေးကိုသာ ရည်ရွယ်ပြီး အားကစားနှင့်ပညာရေး ပေါင်းစပ်သင်ကြားပေးသည့် အထက်တန်းအဆင့်သင်ကျောင်းများသာဖြစ်ပါကြောင်း ဦးစွာ တင်ပြအပ်ပါတယ်။ အဆိုပါ ကျောင်းများတွင် သင်ကြားသည့် ဘာသာရပ်များမှာ အခြေခံပညာအထက်တန်းအဆင့်တွင် သင်ကြားတဲ့ ဘာသာရပ်များအတိုင်းဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးမှ တက္ကသိုလ်များတွင် ၎င်းတို့ အထူးပြုဘာသာရပ်ဖြစ်သော B.Sc (Sports) ဘာသာရပ်ကို ဆက်လက်သင်ယူခွင့်ရှိမှာ ဖြစ်ပါတယ်။

အဆိုပါ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများတွင် (၃)နှစ် သင်ကြားလေ့ကျင့်ခဲ့သော်လည်း တက္ကသိုလ်ဝင်တန်း မအောင်မြင်သူများသည် ၎င်းတို့၏ အားကစားနည်းများအလိုက် ထူးချွန်အောင် ဆက်လက်လေ့ကျင့်မှုများ ပြုလုပ်နိုင်ပါတယ်။ ထိုနည်းတူစွာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများမှ အားကစားသမားများအဖြစ်လည်းကောင်း၊ တက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ယူပြီး လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းဖြင့်လည်းကောင်း စိတ်ကြိုက်ရွေးချယ်နိုင်ပါတယ်။ အားကစားနှင့်ကာယပညာကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများကိုသာ ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားတဲ့ ပညာရေးကောလိပ်များတွင် ဆရာအတတ်ပညာဒီပလိုမာသင်တန်း တက်ရောက်ခြင်းဖြင့် မူလတန်းပြနှင့် အလယ်တန်းပြ ဆရာ၊ ဆရာမများအဖြစ်လည်းကောင်း၊ ရမှတ် ပိုကောင်းသူများအနေဖြင့် ပညာရေးတက္ကသိုလ်များသို့ တိုက်ရိုက်တက်ရောက်ပြီး ပညာရေးဘွဲ့ရရှိပါက အထက်တန်းပြဆရာများအဖြစ်သို့လည်းကောင်း တာဝန်ထမ်းဆောင်နိုင်တဲ့ အခွင့်အရေးများ ရရှိပါတယ်။

ဒါ့အပြင် B.Sc (Sports) အနေဖြင့် ဘွဲ့ရပြီးသူများ ပညာရေးဝန်ကြီးဌာနက ခေါ်ယူတဲ့ လုပ်ငန်းခွင်အကြို မူလတန်း ဆရာအတတ်သင်တန်း PPTT သို့လည်း လျှောက်ထားနိုင်ကြောင်း သိရပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်အရ ၎င်းတို့အနေဖြင့် အားကစားအရည်အချင်း၊ ပညာရပ်အရည်အချင်းနှင့် ကိုက်ညီသော အားကစားသမားများအား အားကစားနှင့် ကာယပညာဦးစီးဌာနရှိ နည်းပြ၊ (နည်းစနစ်မှူး) ရာထူးများသို့လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်မှ ခေါ်ယူတဲ့ အားကစားမှူး ရာထူးများတွင်လည်းကောင်း ခန့်ထားပေးပါကြောင်း တင်ပြအပ်ပါတယ်။ ပေါင်းစပ်ဖြေကြားထားပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါ ရန်ကုန် - မန္တလေး မြို့ကြီးများအပါအဝင် မြို့ကြီး(၆)မြို့တွင် ဖွင့်လှစ်ထားသည့် အားကစားနှင့် ကာယသိပ္ပံကျောင်းများတွင် အားကစားနှင့်ပတ်သက်သည့် ပညာရပ်များကို (၃)နှစ်တာ စာတွေ့လက်တွေ့ သင်ကြားခဲ့ပြီးသည့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းဆင်းများကို တစ်နိုင်ငံလုံးရှိ အခြေခံပညာ အလယ်တန်းကျောင်းများနှင့် အထက်တန်းကျောင်းများတွင် လိုအပ်သည့် ကာယဆရာအဖြစ် ခန့်ထားပေးရန် ကိစ္စနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနရှိ အခြေခံပညာမူလတန်းကျောင်းများတွင် မူလတန်းပြ (ကာယ)သည် ဖွဲ့စည်းပုံတွင် ပါဝင်မှုမရှိတဲ့အတွက် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းဆင်းများကို မူလတန်းပြအဖြစ် ခန့်ထားဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း တင်ပြအပ်ပါတယ်။

သို့သော် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းဆင်းပြီး ဘွဲ့တစ်ခုခု မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ သတ္တ၊ ရုက္ခ၊ ပထဝီ၊ သမိုင်းဘွဲ့ရရှိပါက ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားတဲ့ မူများနှင့်အညီ အလယ်တန်းပြ (ကာယ)ဆရာများ ခေါ်ယူသည့်အချိန်တွင် လျှောက်ထားနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့မှ B.Sc (Sports) ဘွဲ့ရမောင်မယ်များအား ယခုဘဏ္ဍာရေးနှစ်မှာ (၂၅၀)ဦးခန့်ထိ ခန့်ထားနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်နေပါကြောင်း ဆက်လက်တင်ပြအပ်ပါတယ်။

ကျွန်တော်ကပဲ ဆက်လက်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မကွေးတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်သန်းသန်းအေး မေးခွန်းဖြစ်သော မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ (မန်း)သံပုရာကန် အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ)အား ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက်မှာတော့ ကိုယ်စားလှယ်တော်ကြီး မဲဆန္ဒနယ်အတွင်း မင်းလှမြို့နယ်မှာ အခြေခံပညာ မူလတန်းကျောင်း(ခွဲ)ပေါင်း (၃)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်းပေါင်း(၈)ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း (၁၀)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (၂)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း (၅)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)(၅)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း (၃၃)ကျောင်းကို ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက် ပြီးခဲ့တဲ့ ၂၅ - ၅ - ၂၀၁၈ ရက်နေ့မှာ သက်ဆိုင်ရာ ကျောင်း အဆင့်ဆင့်အသီးသီးသို့ တိုးမြှင့်ပေးပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ကျောင်း တိုးမြှင့်ခြင်း ဆောင်ရွက်တဲ့နေရာမှာ အခြေခံပညာ အထက်တန်းကျောင်း (Sanction)ရရှိနိုင်ဖို့အတွက် အထက်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၂၀၀)ဦး အထက်ရှိခြင်း၊ သွားလာရေးခက်ခဲသော တောင်တန်း၊ မြစ်ကြောင်း ပေါ်များတဲ့ဒေသဖြစ်ပါက အနီးဆုံး အထက်တန်းအဆင့်သင်ကျောင်းနှင့် (၁၀)မိုင်ထက် ကွာဝေးဖို့လိုအပ်ကြောင်း ဒါ မူအားဖြင့် သတ်မှတ်ထားပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ သံပုရာကန် အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အနေဖြင့် အထက်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ ပေါင်း(၁၁၈)ဦး ပင်မကျောင်းဖြစ်တဲ့ မင်းလှအခြေခံပညာ အထက်တန်းကျောင်းမှ (၃)မိုင်ခန့်သာ ကွာဝေးတဲ့အတွက် ယခုနှစ်တိုးမြှင့်ချိန်မှာ ဒါ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း တင်ပြအပ်ပါ တယ်။ သို့သော် ဒီ လာမည့်ပညာသင်နှစ်များကိုတော့ ဘဏ္ဍာငွေခွင့်ပြုချက် ရရှိသည်နှင့်အညီ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ်မှာလည်း ဒီကျောင်းမှာရှိတဲ့ ကျောင်းသူ၊ ကျောင်းသားများ အားလုံးသည် အခြေခံပညာအထက်တန်းပညာရပ်များ သင်ကြားခွင့် ရရှိနေပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ခတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁:၁၃ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၄၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်တွင် ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဗိုလ်မှူးချုပ်တင့်လွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ အတည်ပြုပြီး ပေးပို့လာတဲ့ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၈- ၃၇၂

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဇွန် လ ၁၉ ရက်

၁။ ပြည်သူ့လွှတ်တော်က စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်ချက်များနှင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ၃၀-၅-၂၀၁၈ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းနည်းဥပဒေများနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်

(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး က ၁၃-၆-၂၀၁၈ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၆-၆-၂၀၁၈ ရက်နေ့နှင့် ၁၈-၆-၂၀၁၈ ရက်နေ့တို့မှာ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ အပိုဒ် ၁၅ တွင် ဖော်ပြထားသော စုစုပေါင်းကုန်ကျစရိတ်တန်ဖိုး၏ (၁၅)ရာခိုင်နှုန်းညီမျှသော ပမာဏ ဆိုသည့် စကားရပ်ကို စုစုပေါင်း ကုန်ကျစရိတ်တန်ဖိုး၏ (၁၀)ရာခိုင်နှုန်းနှင့် ညီမျှသော ငွေပမာဏ သို့မဟုတ် အဆိုပါပမာဏနှင့် ညီမျှသည့်ငွေကို ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်အာမခံချက်တစ်ရပ်ရပ် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလနည်းဥပဒေများ အပိုဒ် ၃၄ တွင် ဖော်ပြထားသော စုစုပေါင်းကြမ်းခင်းဧရိယာ၏ (၄၀)ရာခိုင်နှုန်းထက် မပိုစေရ ဆိုသည့်စကားရပ်ကို စုစုပေါင်း အိမ်ခန်းဧရိယာ၏ (၄၀)ရာခိုင်နှုန်းထက် မပိုစေရ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ အပိုဒ် ၄၁၊ အပိုဒ်ခွဲ(က) တွင် ဖော်ပြထားသော သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ဦးစီးဌာန၏ ရငွေစာရင်းသို့ ပေးသွင်းရမည် ဆိုသည့် စကားရပ်ကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၅၊ အပိုဒ်ခွဲ (က) တွင် ဖော်ပြထားသော စကားရပ်များအစား စုပေါင်းပိုင် အဆောက်အအုံ တည်ဆောက်သည့် စီမံကိန်းကာလအတွင်းနှင့် စီမံကိန်း ပြီးစီးပြီးနောက် အိမ်ခန်းများတွင်နေထိုင်သူ (၃၀)ရာခိုင်နှုန်းနှင့်အထက် ပြည့်မီသည့် အချိန်ကာလအထိ တည်ဆောက်ပြီးအိမ်ရာများကို ထိန်းသိမ်းစောင့်ရှောက်ရမည် ဆိုသည့် စကားရပ်ဖြင့် အသီးသီး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များဖြစ်သည့် -

အပိုဒ် ၁၅၊ အပိုဒ် ၃၄၊ အပိုဒ် ၄၁(က)၊ အပိုဒ် ၄၅(က) ပါ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅၊ အပိုဒ် ၃၄၊ အပိုဒ် ၄၁(က)၊ အပိုဒ် ၄၅(က) သည် ဤနည်းဥပဒေများ၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော်က ယခုပြင်ဆင်ချက်ဖြင့် အတည်ပြုထားသော နည်းဥပဒေများ၏

အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသော နည်းဥပဒေများ၏ အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးတွင် တင်သွင်း မေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တင်သွင်း မေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၃။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့၊ ကော့သောင်းမြို့များအထိ သွားရောက်ပြီး ကွင်းဆင်းစိစစ်ရန် ခွင့်ပြုခဲ့သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကွင်းဆင်းစိစစ်ခဲ့သော အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်။ အမျိုးသား

လွှတ်တော်တွင် မေးမြန်းခဲ့သော၊ ကတိဖြစ်ပေါ်ခဲ့သော အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့၊ ထောင်ခမက်ကျေးရွာအုပ်စု အတွင်းရှိ ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေများကို သိမ်းဆည်းပြီး တောင်ဒဂုံ ဆီအုန်းကုမ္ပဏီမှ စားအုန်းဆီပင်များကို စိုက်ပျိုးထားသော မြေနေရာများအား ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဖြေကြားချက်အရ တောင်ဒဂုံ ဆီအုန်းကုမ္ပဏီသည် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဥပဒေနှင့်အညီ လျှောက်ထားရယူ၍ အရင်းအနှီး စိုက်ထုတ်၊ အပင်စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်း၊ မူလ တောင်သူလက်ငုတ်များ ပါဝင်မှုမရှိခြင်း တို့ကြောင့် စိုက်ပျိုးဧရိယာအပေါ် ပြန်လည်စွန့်လွှတ်ရန် မရှိပါကြောင်း ဖြေကြားသွားသော်လည်း ကော်မတီ၏ ကွင်းဆင်း စစ်ဆေးမှုအရ မူလတောင်သူတို့၏မြေများ ပါဝင်နေကြောင်း တွေ့ရှိရပါတယ်။

ထို့အပြင် ကော့သောင်းခရိုင် မြေအထူးအဖွဲ့ ကွင်းဆင်းစစ်ဆေးမှုအရ ခွင့်ပြုမိန့်ကျမြေ၏ ပြင်ပတွင် (၁၅၈၉)ဧကကို ဥပဒေချိုးဖောက် ကျူးကျော်စိုက်ပျိုးထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ တစ်ဖန် ကြယ်ပွင့်မပြ မေးခွန်းဖြစ်တဲ့ ခွင့်ပြုစိုက်ပျိုးမြေဧကထက် ကျော်လွန်စိုက်ပျိုးထားသော မြေယာ များကို စစ်ဆေးအရေးယူပေးပါရန်နှင့် ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေများ သိမ်းဆည်းပြီး စိုက်ပျိုး ထားသော မြေနေရာများကို ပြန်လည်ပေးအပ်ရန် မေးခွန်းနှင့်ပတ်သက်၍ ကော့သောင်းခရိုင်၊ မြေလွတ်၊ မြေရိုင်း အထူးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးချက်အရ ခွင့်ပြုမိန့်ရပြီးမြေ၏ ပြင်ပခွင့်ပြုမိန့်မကျ၊ လျှောက်ထား ခြင်းမရှိသော မြေပြင်တွင် ကျူးကျော်စိုက်ပျိုးထားသည်မှာ ဘုတ်ပြင်းမြို့နယ်တွင်(၁၅၈၉)ဧက၊ ကရသူရိ မြို့တွင်(၃၂၁၉)ဧက၊ စုစုပေါင်း(၄၈၀၈)ဧက ဆီအုန်းပင်များ စိုက်ပျိုးထားကြောင်း မြေပုံအထောက်အထား နှင့်တကွ စိစစ်တွေ့ရှိရမှုကို ကော်မတီအနေဖြင့် စစ်ဆေးခဲ့ပြီးဖြစ်ရာ ကော်မတီ၏ အစီရင်ခံစာမှာ ဘုတ်ပြင်းမြို့နယ်၊ တောင်ဒဂုံ ဆီအုန်းခြံက ခွင့်ပြုဧကထက် ပိုမို၍ ဆီအုန်းပင်များ ကျူးကျော်စိုက်ပျိုး ထားခြင်းနှင့် မူလလက်ငုတ်တောင်သူများ၏မြေများ ပါဝင်နေခြင်းကြောင့် တည်ဆဲဥပဒေနှင့်အညီ အမြန် အရေးယူသင့်ပါကြောင်းသာပါရှိပြီး နစ်နာဆုံးရှုံးခဲ့ရသော မူလလက်ငုတ် တောင်သူများ၏ ဥယျာဉ်ခြံမြေများ ပြန်လည်ပေးအပ်ရန် မပါရှိကြောင်း တွေ့ရှိရပါတယ်။

သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကော်မတီတွင် ကြားနာစစ်ဆေးစဉ်က ခွင့်ပြုစိုက်ပျိုးမြေထက် ကျော်လွန် စိုက်ပျိုးထားသော ကုမ္ပဏီကိုလည်း မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံ ခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လျှောက်ထားရန်လိုအပ်မည်ဟုသာ ပြောဆို ပြီး မူလလက်ငုတ် တောင်သူများ၏ ဥယျာဉ်ခြံမြေများ ပြန်လည်ပေးအပ်ရန် ပြောဆိုခဲ့ခြင်းမရှိသည်ကို တွေ့ရှိရပါတယ်။ ဒေသခံတောင်သူများ ကျူးကျော်စိုက်ပျိုးထားလျှင် တရားရုံးတွင် တရားစွဲဆိုပြီး ထောင်ချခံရသည်ကို တစ်နိုင်ငံလုံးတွင် တွေ့နေရပါတယ်။ ယခုအခါ ကုမ္ပဏီက ကျူးကျော်နေသည်ကို ထင်ထင်ရှားရှား တွေ့ရှိနေပါလျက်နှင့် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေနှင့် ပြန်လည်လျှောက်ထားခိုင်းသည်မှာ တရားမျှတမှု ရှိပါရဲ့လား။ ဥပဒေက (၂)မျိုး ရှိနေသလား ဆိုတာ စဥ်းစားစရာ ဖြစ်နေပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁(က) အရ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု

အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ခံစားခွင့်ရှိသည်ဟု ပါရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်း ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါတယ်။

ငါးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအဆိုနှင့် ပတ်သက်ပြီးတော့လည်း အနည်းငယ်ဖြည့်စွက် ဆွေးနွေးလိုပါတယ်။ ငါးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်၊ မြန်မာ့ ရေသယံဇာတများ ထိန်းသိမ်းရန်၊ ငါးနှင့်သယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိရန်အတွက် စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ငါးချဆိပ်ကမ်း ငါးလေလံဈေးကြီးတစ်ခု အလျင်အမြန် လိုအပ်နေပြီဖြစ်တဲ့ ကာလမှာ ပြည်ပသို့ ပို့ဆောင်သော ငါးနှင့်ရေသယံဇာတများ ပြည်ပပို့ကုန်ခွန် (၂)ရာခိုင်နှုန်း ပေးဆောင်ရာမှာ ငါး၏ တန်ဖိုးငွေပေါ်သာ ကောက်ယူရပါတယ်။ ဒါပေမဲ့ ငါး၏ တန်ဖိုးငွေ သတ်မှတ်ရာတွင် ကော်မတီ၌ စိစစ် ကြားနာတဲ့အခါ လုပ်ငန်းရှင်ကပြောတော့ ငါးလုပ်ငန်းဦးစီးဌာနက တန်ဖိုးသတ်မှတ်တယ်။ ငါးလုပ်ငန်းဦးစီးဌာနကတစ်ဖန် လုပ်ငန်းရှင်က သတ်မှတ်တယ်ဆိုပြီး လွှဲချပြန်တယ်။ အမှန်တကယ်က ငါး၏တန်ဖိုးကို ဝယ်ယူသူကသာ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ ပြည်ပပို့ကုန်အဖွဲ့ ငါးလုပ်ငန်းဦးစီးဌာနက အခွန်ကောက်နေသောစာရင်းများကို စစ်ဆေးကြည့်ရှုသောအခါ ပုစွန်(၁)ကီလိုကို အမေရိကန်ဒေါ်လာ (၁)ဒေါ်လာမှ (၄)ဒေါ်လာအထိသာရှိကြောင်း တွေ့ရှိရပါတယ်။

ပြည်တွင်းဈေးကွက်တွင် (၁)ကီလိုကို (၁၅၀၀၀) ကျပ်မှ (၄၅၀၀၀)ကျပ်အထိ ပေါက်ဈေးရှိနေတဲ့အတွက် ငါးရဲ့ သတ်မှတ်ဈေးနှုန်း အလွန်နည်းနေပြီး နိုင်ငံအတွက် အခွန်များစွာ ဆုံးရှုံးနေရပါတယ်။ နိုင်ငံအတွက် အမှန်တကယ် လိုအပ်နေသော ငါးတင်/ငါးချဆိပ်ကမ်း ငါးလေလံဈေးကြီး အမြန်လည်ပတ်နိုင်ရန် ဥပဒေနှင့်အညီ ဆောင်ရွက်နေသော လုပ်ငန်းများကို အမြန်ပံ့ပိုးကူညီပြီး ဥပဒေနှင့် မညီသည့်လုပ်ငန်းများ လုပ်ဆောင်ခြင်းများဖြစ်ပါက ဥပဒေကို လေးစားလိုက်နာရန် ညွှန်ကြားဆောင်ရွက်သင့်တဲ့အပြင် မလိုက်နာပါက လုပ်ငန်းရှင်တို့ကို အရေးယူ ဆောင်ရွက်သင့်ပါတယ်။ ၎င်းအပြင် ဥပဒေနှင့် ဆန့်ကျင်ပြီး လုပ်ကိုင်နေသောလုပ်ငန်းရှင်များကို လျစ်လျူရှု မျက်ကွယ်ပြုနေတဲ့ ဌာနဆိုင်ရာများကိုလည်း အရေးယူသင့်ပါကြောင်း တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၈။**

**ဗိုလ်မှူးကျော်စိုးဦး၊ တပ်မတော်သားကိုယ်စားလှယ်**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်က တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာအပေါ် အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစွာ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ အမျိုးသားလွှတ်တော်တွင် တင်သွင်း မေးမြန်းခဲ့သည့် အဆိုများ၊ ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများ မေးမြန်းခဲ့တဲ့အပေါ် ကတိ ဖြစ်မှု၊ ကတိမဖြစ်မှု အခြေအနေများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြားချက်များ၊ မြေပြင်လုပ်ငန်း ဆောင်ရွက်မှုများအပေါ် နိုင်ငံသူ၊ နိုင်ငံသားများအကျိုးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ အပင်ပန်းခံ ကွင်းဆင်းဆောင်ရွက် ခဲ့ပြီး ယခုကဲ့သို့ အစီရင်ခံစာ တင်ပြခဲ့ခြင်းအပေါ် ကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။ ကော်မတီ အနေဖြင့် ကော်မတီအဖွဲ့ဝင်(၁၅)ဦးကို စိစစ်ရေးအဖွဲ့ (၆)ဖွဲ့ဖွဲ့စည်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း များအလိုက် စိစစ်ဆောင်ရွက်စေခဲ့ကြောင်း တွေ့ရပါတယ်။

အစီရင်ခံစာရဲ့ စာမျက်နှာ(၃)၊ စာပိုဒ်(၅) တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကတိဖြစ်ခဲ့သည့် အတည်ပြုအဆိုတစ်ခုကို နောက်ဆက်တွဲ(က)ဖြင့် လည်းကောင်း၊ စာမျက်နှာ(၄)၊ စာပိုဒ်(၇)တွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်များကို နောက်ဆက်တွဲ(ခ)ဖြင့်လည်းကောင်း၊ စာမျက်နှာ(၅)၊ စာပိုဒ်(၉)တွင် ကြယ်ပွင့်မပြ မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်များကို နောက်ဆက်တွဲ(ဂ)ဖြင့်လည်းကောင်း ဖော်ပြထားသည်ဟု ပါရှိသော်လည်း အစီရင်ခံစာတွင် နောက်ဆက်တွဲများ ပါရှိလာခြင်း မရှိသည်ကို တွေ့ရပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာ စာမျက်နှာ (၄)နှင့် (၅)တွင် ကတိ ဖြစ်ခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကတိမဖြစ်သည့် မေးခွန်းများကို ဖော်ပြ ထားသော်လည်း ကတိ ဖြစ်ခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်တို့ကို ဖော်ပြပေးနိုင်ပါက ယခုထက် ပိုမိုပြည့်စုံလာနိုင်ပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများကို ပိုမိုထိန်းကျောင်းလာနိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကာလတွင် ကတိဖြစ်ခဲ့ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု ဆောင်ရွက်ရန် ကျန်နေသည့်လုပ်ငန်းများကို ယခုတင်သွင်းသည့် သတ္တမပုံမှန်အစည်းအဝေးကာလ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာတွင် ထည့်သွင်းနှိုင်းယှဉ် ဖော်ပြနိုင်ပါက ပိုမိုပြည့်စုံလာမည် ဖြစ်ကြောင်း အကြံပြုအပ်ပါတယ်။ ဆလုံ(ခ)မော်ကင်းလူမျိုးများသည် မြန်မာတိုင်းရင်းသား ဗမာ မျိုးနွယ်စု(၉)မျိုးတွင် ပါဝင်သည့်လူမျိုးစု ဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာ စာမျက်နှာ(၃၁)၊ စာပိုဒ်ခွဲ(၁၂) တွင် ကော်မတီရဲ့ သုံးသပ်စိစစ်ချက် (၁၆)ချက်ကို ဖော်ပြထားပြီး စာပိုဒ်ခွဲငယ်စိပ်(ဈ)တွင် ဆလုံလူမျိုးများအနေဖြင့် ထိုင်းနိုင်ငံမှ အိမ်ရာအဆောက်အဦများ၊ လစာ၊ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများကြောင့် ထိုင်းနိုင်ငံ ကော့လောင်း ဆလုံရွာသို့ ရွှေ့ပြောင်းသွားကြခြင်းဟု ဖော်ပြ ထားပါတယ်။ ကျွန်တော်တို့နိုင်ငံအနေဖြင့်လည်း အထက်ပါကဲ့သို့ ဆလုံလူမျိုးများအား ဆောင်ရွက်ပေး နိုင်ပါက နိုင်ငံတော်ရဲ့ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးကြီးမားစွာ ရမှာဖြစ်ပြီး ဆလုံလူမျိုးများ မျိုးတုန်းပပျောက်မှုအရေးမှလည်း ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သက်ဆိုင်သည့် ဝန်ကြီးဌာနများအနေဖြင့်

ကော်မတီရဲ့ အစီရင်ခံစာကို အလေးအနက်ထား လိုက်နာဆောင်ရွက်ရန်လိုပါကြောင်း အကြံပြုတိုက်တွန်း အပ်ပါတယ်။

ဆက်လက်ပြီး ကော်မတီရဲ့ သုံးသပ်အကြံပြုချက် စာမျက်နှာ(၃၅)၊ စာပိုဒ်(၂၃)၊ စာပိုဒ်ခွဲ(ည)၊ စာပိုဒ်ခွဲငယ်(၂)၊ (၃)နှင့် (၁၂)တို့ကို ထောက်ပြ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ စာပိုဒ်ခွဲငယ် (၂)တွင် ဆလုံလူမျိုးများသာ သီးသန့်နေထိုင်သည့်ကျွန်းများ သတ်မှတ်ပေးရန် ဆောင်ရွက်သင့်ပါသည်ဟု လည်းကောင်း၊ စာပိုဒ်ခွဲငယ်(၃)တွင် ဆလုံလူမျိုးများနေထိုင်ရာ ကျွန်း ရွာငယ်များတွင် ဆလုံ မဟုတ်သော အခြားရွှေ့ပြောင်း အခြေချသူများကို ကန့်သတ်ထိန်းချုပ်ရန် ဆောင်ရွက်သင့်ပါသည်ဟုလည်းကောင်း၊ စာပိုဒ်ခွဲငယ်(၁၂)တွင် ကျွန်းအရေအတွက် သတ်မှတ်၍ ဆလုံလူမျိုးများ သဘာဝအတိုင်း နေထိုင်သည့် ဒေသအဖြစ် သတ်မှတ်ဆောင်ရွက်သင့်ပါသည်ဟု လည်းကောင်း ဖော်ပြထားပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၀(ဂ)တွင် ကော်မတီသည် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ဥက္ကဋ္ဌ က သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးရန် အဆိုတင်သွင်းရမည်။ ယင်းအဆို အတည်ဖြစ်ပြီးသောအခါ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကို ပေးနိုင်သည်။ သို့ရာတွင် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်များ မပြုလုပ်ရဟု ဖော်ပြထားသော်လည်း အထက်အစီရင်ခံစာပါ အချက်(၃)ချက်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈၊ အခန်း(၈)၊ ပုဒ်မ ၃၅၅ တွင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေချနေထိုင်ခွင့်ရှိသည်ဟူသော ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိပါသဖြင့် ကော်မတီအနေဖြင့် ပြန်လည် ပြင်ဆင်ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ကော်မတီသည် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း(၆)ကြိမ် ဆောင်ရွက်ခဲ့ကြောင်း ဖော်ပြထားပါတယ်။ ကော်မတီရဲ့ ဆောင်ရွက်ချက်များနှင့် မြေပြင်ကွင်းဆင်း ဆောင်ရွက်ခြင်းများကို ကြိုဆိုပါတယ်။ သို့မှသာ နိုင်ငံသူ၊ နိုင်ငံသားများ၏ ပကတိအခြေအနေ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၏ လုပ်ဆောင်နေမှုများကို တွေ့မြင်သိရှိပြီး ပြည်သူတို့၏အသံကို အမှန်အတိုင်းကြားနိုင်ကာ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များကို စိစစ်ပေးနိုင်ခြင်းဖြင့် အစိုးရနှင့်လွှတ်တော် အပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ကော်မတီရဲ့ ဆောင်ရွက်ချက် အစီရင်ခံစာကိုလည်း ကြိုဆိုပါတယ်။ ဆလုံတိုင်းရင်းသားများမျိုးတုန်းပျောက်ကွယ်မှုမရှိရေး၊ ထာဝရရှင်သန်ရပ်တည်နိုင်ရေးအတွက် ကော်မတီရဲ့ အကြံပြုချက်များကိုလည်း ကြိုဆိုပါတယ်။ သို့ရာတွင် အစီရင်ခံစာတွင် ဖော်ပြရေးသားချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ နှင့်အညီ ပြင်ဆင်ရေးသားပြီးမှသာ အတည်ပြု မှတ်တမ်းတင်သင့်ကြောင်း ထောက်ပြ ဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဆလုံလူမျိုးများ၏ လူနေမှုဘဝပုံရိပ် မြင်ကွင်းပုံ(ဃဃ)



**အချိန်၊ ၁၂း၀၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၄။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်း မေးမြန်းခဲ့သော အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းပြီး ၆ - ၅ - ၂၀၁၈ ရက်နေ့မှ ၁၇ - ၅ - ၂၀၁၈ ရက်နေ့အထိ တနင်္သာရီတိုင်း ဒေသကြီးသို့ ကွင်းဆင်းစိစစ်ခဲ့သည့် အစီရင်ခံစာကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒီအစီရင်ခံစာမှာ မေးခွန်းနှင့် အဆိုတင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များဟာလည်း တိုင်းပြည် အတွက် မိမိတို့ ဒေသအတွက် မျက်ခြည်မပြတ်လေ့လာ စောင့်ကြည့် တာဝန်ကျေပွန်မှုကို တွေ့ရသလို ကော်မတီမှလည်း စေ့စပ်သေချာစွာလေ့လာ သုံးသပ်အကြံပြုထားတာကို တွေ့ရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်စိုး မေးမြန်းခဲ့တဲ့ ကမ်းနီးလှေငယ်များ၏ ငါးဖမ်းဇရိယာအတွင်း စည်းမျဉ်း ဥပဒေဖောက်ဖျက်ဝင်ရောက် ဖမ်းဆီးခြင်းကိစ္စနဲ့ ပတ်သက်ပြီး ကော်မတီရဲ့ လေ့လာတွေ့ရှိချက်မှာ ဆိုရင် ကမ်းနီးသို့ ဝင်ရောက်ငါးဖမ်းစဉ် ဇင်းလှေများ၏ နံပါတ်၊ ကုမ္ပဏီ၊ လှေအမည် ဖုံးအုပ်ထားပြီး တရားမဝင်ကျူးကျော်လျက် ရှိသည်ကို တွေ့ရှိရပါတယ်။ ကန့်သတ်တားမြစ်ထားသည့် ငါးဖမ်းကိရိယာ

များဖြစ်သည့် ပိုက်ကွန်အသေး၊ ဆန်စိပိုက်ဖြင့် လျှပ်စစ်မီးသီးများထွန်းကာ သတ္တဝါများ မြူဆွယ်ဖမ်းဆီး လုပ်ကိုင်နေကြောင်း ထိုလှေများမှာ ဒေသခံများမဟုတ်ဘဲ ထိုင်းနိုင်ငံသားအရင်းအနှီးဖြင့် မြန်မာနိုင်ငံသား များက အမည်ခံလုပ်ကိုင်လျက်ရှိကြောင်း မြန်မာနိုင်ငံက ရေသယံဇာတဆုံးရှုံးပြီး အကျိုးအမြတ်ကို အခြားနိုင်ငံက ခံစားနေရကြောင်း ယခုတိုင် သက်ဆိုင်ရာဌာနက မျက်ကွယ်ပြုအရေးယူ ဆောင်ရွက် ခြင်းမပြုလျှင် ငါးမျိုးပြုန်းတီးသွားမည့်အခြေအနေကို မလွဲမသွေ ကြုံတွေ့ရမည်ဖြစ်ကြောင်း စိစစ်ရေး ကော်မတီအစီရင်ခံစာဖြင့် သက်ဆိုင်ရာတာဝန်ရှိသူက အလျင်အမြန် အရေးယူဆောင်ရွက်သင့်ကြောင်း တိုက်တွန်းဆွေးနွေးထားပါတယ်။ ဒီအဆိုကိုလည်း ကျွန်တော်တို့က တကယ်သက်ဆိုင်တဲ့ဌာနတွေကို ကော်မတီအနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြုပြီး အမြန်ဆုံး ဆွေးနွေးပေးပါလို့ ဒီနေရာကနေ ဆွေးနွေးလိုပါတယ်ခင်ဗျား။

မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း မေးခဲ့တဲ့ ငါးသားပေါက်ရာသီအလိုက် သတ်မှတ်ထား သော ငါးဖမ်းဧရိယာအတွင်း ကမ်းဝေးငါးဖမ်းလှေများကို လုံးဝဖမ်းဆီးခြင်းမပြုရန်နှင့် တားမြစ်ခြင်း များအား မလိုက်နာသော ကမ်းဝေးငါးဖမ်းလှေများကို ထိထိရောက်ရောက် အပြစ်ပေးအရေးယူရန် မေးခွန်းနှင့် ပတ်သက်ပြီးတော့ ကော်မတီက လေ့လာတွေ့ရှိခဲ့တာမှာ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ပင်လယ်သို့ ထွက်ခွာဖမ်းဆီးနေသော စက်လှေများအား လိုက်နာကြပ်မတ်ရန် ရေယာဉ်မရှိသဖြင့် အရေးယူနိုင်ရန် ခက်ခဲကြောင်း စိစစ်တွေ့ရှိရတယ်လို့ ကော်မတီက ဆိုထားပါတယ်။ သို့ပေမယ့်လည်း အဲဒီမှာ ငါးလုပ်ငန်းဦးစီးဌာနက ဒီရာသီအတွက် သူတို့ကိုမေးလိုက်တဲ့အချိန် ကော်မတီကို သူတို့က ဘာပြန်ဖြေလဲဆိုတော့ ငါးမဖမ်းရရာသီတွင် ငါးဖမ်းဆီးသော ကမ်းဝေး ငါးဖမ်းရေယာဉ်များကို စစ်ဆေး တွေ့ရှိခြင်းမရှိသဖြင့် အရေးယူဆောင်ရွက်ခြင်း မရှိပါကြောင်း အဲဒီဌာနကနေ ကွင်းဆင်းလေ့လာရေး ကော်မတီကို ဖြေကြားခဲ့ တယ်ဆိုတာ ကျွန်တော်တို့ ဒီနေရာမှာ စဉ်းစားစရာတစ်ချက် ဖြစ်လာပါတယ်။ ကော်မတီတွေက လိုက်လံဖမ်းဆီးနိုင်ဖို့ ဒီလှေ၊ သင်္ဘောတွေ အခက်အခဲရှိတဲ့အချိန်မှာ သူက ဖမ်းဆီးရန် မရှိပါဘူး ပြောလိုက်တဲ့အချိန် ကော်မတီတွေအနေနဲ့ တကယ်ရှိခဲ့မယ်ဆိုရင်လည်း သက်ဆိုင်ရာဌာန တွေနဲ့ ပူးပေါင်းပြီးတော့ ငါးလုပ်ငန်းဦးစီးဌာနကို တိုက်တွန်းပေးပါလို့ ကျွန်တော် အကြံပြုဆွေးနွေး လိုပါတယ် ခင်ဗျား။

နောက်တစ်ခုက ဆလုံများနေထိုင်ရာဖြစ်တဲ့ မကျိုဂလက်ကျေးရွာကို လန်ပိဥယျာဉ်ကနေ ပြီးတော့ ၂၀၁၅ ခုနှစ်မှာကတည်းက မြေဧက(၅၉.၈)ဧကကို ဥယျာဉ်မြေအဖြစ်ကနေပြီးတော့ ရွာမြေ အဖြစ် စွန့်လွှတ်ခဲ့ပါတယ်။ သို့သော်လည်း ၂၀၁၃ ခုနှစ်အတိုင်း အဲဒီမြေတွေထဲကနေ မြေ(၁၁)ဧကကို ကုမ္ပဏီကို ပုံစံ(၇)ထုတ်ပေးခဲ့ပါတယ်။ ရွာမြေတောင် မစွန့်လွှတ်ရသေးဘဲနဲ့ ပုံစံ(၇)ထုတ်ပေးတာ စည်းမဲ့ကမ်းမဲ့ ဥပဒေမဲ့ဖြစ်နေတဲ့အတွက် ဒါကိုလည်း အမြန်ဆုံးအရေးယူပေးပါလို့ ကျွန်တော် တိုက်တွန်း ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နိဂုံးချုပ်ဆွေးနွေးလိုတာကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း ရဲ့ အဆိုနဲ့ ပတ်သက်လို့ ငါးတင်/ငါးချ ဆိပ်ကမ်းပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ်ကြပ်မတ် မှတ်တမ်းတင်ပြီးမှသာ စက်ရုံသို့ ပြည်ပသို့ FOB, CIFF သို့သော ငါးသယ်ရေယာဉ်များဖြင့် ပို့ဆောင်ရန်ဆိုသောအဆိုနှင့် စပ်လျဉ်းပြီး ကော်မတီအနေဖြင့် ကွင်းဆင်း

စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်ခြင်းအခြေအနေများအား စစ်ဆေးခြင်း၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအား ကော်မတီရုံးတွင် ကြားနာခြင်းများဆောင်ရွက်လျက်ရှိပြီး လာမည့် နဝမပုံမှန် အစည်းအဝေးတွင် သီးခြားအစီရင်ခံစာတင်သွားမည်ဟု ကော်မတီက ဆိုထားပါတယ်။ ကော်မတီ ခင်ဗျား။ နိုင်ငံပိုင်ဘဏ္ဍာငွေ အမြောက်အမြားရရှိသော လုပ်ငန်းကြီးဖြစ်သဖြင့် အခြားသက်ဆိုင်ရာ ကော်မတီများမှလည်း ဒီကိစ္စကို လေ့လာပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက် များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် မိုးထိမိုးမိ ရွှေတူးဖော်ရေးလုပ်ငန်းကို စိစစ်သကဲ့သို့ နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာ စိစစ်ပေးပါရန် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၉။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ၌ အရေးကြီးဆုံးကဏ္ဍဖြစ်တဲ့ မိုးထိမိုးမိရွှေလုပ်ကွက်မှ နိုင်ငံတော်သို့ ပေးသွင်းရန် ရွှေပိဿာချိန်(၃၀၀၀၀)ကျော်အကြောင်းကို အဓိကထားပြီးဆွေးနွေးသလို ယခု သတ္တမ ပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် ပတ်သက်ပြီးတော့ တနင်္သာရီတိုင်း ဒေသကြီးသို့ ကွင်းဆင်း လေ့လာစိစစ်ခဲ့ခြင်းနှင့် စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာမှာ ငါးကဏ္ဍ အဓိကထား ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြေကြီးကထွက်တဲ့ ရွှေသယံဇာတ၊ ရေကထွက်တဲ့ ငါး သယံဇာတ၊ ကော်မတီရဲ့ အစီရင်ခံစာမှာ မြေကြီးကထွက်တဲ့ ကျောက်၊ သံ၊ ပတ္တမြား၊ ကျွန်းသစ်တော့ မပါသေးပါဘူး။ ညီညွတ်စွာဖြင့် စီမံခန့်ခွဲတတ်ရင် တိုင်းပြည်စီးပွားရေးပြဿနာ ဖြေရှင်းနိုင်စွမ်းရှိပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး သိတဲ့အတိုင်းပါပဲ သစ်ပင်သစ်တော မရှိပါ၍ မိုးရေကို မြေဆီလွှာမှ ထိန်းသိမ်းနိုင်စွမ်းမရှိတော့ ပြီးခဲ့တဲ့ မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံဒဏ်ကြောင့် စိုက်ပျိုးသီးနှံများပျက်စီးခဲ့ကြတာ အားလုံးအသိပါ။ နမူနာအနေဖြင့် တင်ပြတာပါ။ အဲဒါတွေ ပြန်လည်ဖြည့်စွမ်းနိုင်ဖို့ တိုင်းပြည်ရဲ့ ဘဏ္ဍာငွေရရှိဖို့ များများ လိုအပ်ပါတယ်။ ဒါကြောင့် ရွှေကပဲရရ၊ ငါးကပဲရရ နိုင်ငံ့အတွက်၊ တိုင်းပြည်အတွက် သူ့ဖက် ကိုယ့်ဖက်၊ ကိုယ့်ဖက်ဆိုတာ တိုင်းပြည်အတွက်ပါ။ မျှတပြီး သမာသမတ်ကျကျ ရရှိခံစားစေချင်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ အစီရင်ခံစာ စာမျက်နှာ ၁၅ မှာ ဖော်ပြတဲ့ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်မှာ လုပ်ကိုင်

ရတဲ့ ကမ်းနီးလှေငယ်များ၏ ငါးဖမ်းဧရိယာအတွင်း စည်းမျဉ်းဥပဒေဖောက်ဖျက်ပြီး ဝင်ရောက်ငါးဖမ်းနေခြင်း ကိစ္စနဲ့ပတ်သက်ပြီး မေးခွန်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ ကွင်းဆင်းစစ်ဆေးချိန် တွေ့ရှိရတာ ၂၀၁၆-၂၀၁၇ ကမ်းနီးငါးလုပ်ငန်းရေပြင်သို့ တရားမဝင်ငါးဝင်ရောက်ဖမ်းဆီးထားသော စည်းကမ်းပျက်ငါးဖမ်းရေယာဉ် (၂၄)စီးကို ဒဏ်ကြေးချမှတ်ခြင်းအပြင် ငါးဖမ်းဆီးခွင့်ရပ်ဆိုင်းခြင်း ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း၊ ထို့အတူပါပဲ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာလည်း (၂၃)စီး၊ ၂၀၁၇ - ၂၀၁၈ မှာလည်း (၃)စီးဖမ်းမိကြောင်း ဌာနမှ တင်ပြထားပါတယ်။ ဥပဒေအရ ၎င်းငါးဖမ်းစက်လှေများအား သိမ်းဆည်းရနိုင်က သိမ်းဆည်းစေလိုပါတယ်။ ကုန်းပေါ်မှာဆိုရင်တော့ တရားဥပဒေစိုးမိုးမှုကနည်းတော့ ပိုင်ရှင်မဲ့ဆိုပြီး ဖမ်းတာများပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့ အင်အားကြီးသော ငါးဖမ်းစက်လှေများသည် ကမ်းနီးသို့ ဝင်ရောက်ငါးဖမ်းဆီးစဉ် ၎င်းတို့၏စက်လှေကြီးများ၊ နံပါတ်၊ ကုမ္ပဏီ၊ လှေအမည်တို့ကို မိုးကာများဖြင့် ဖုံးအုပ်ထားပြီး တရားမဝင် ဝင်ရောက်ဖမ်းဆီးကြကြောင်းလည်း ဖော်ပြထားပါတယ်။ ကျွန်တော်တို့ရဲ့ တိုင်းပြည်မှာ၊ ကျွန်တော် ပါဝင်ထမ်းရွက်တဲ့ ပြည်တွင်းပြည်ပ အလုပ်သမားကော်မတီနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ကျွန်းစု မြို့နယ်များသို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်များရှိ ကျွန်းစုများသို့လည်းကောင်း သွားရောက်စဉ်ယခု ကော်မတီမှတင်ပြသလို ကမ်းနီးသို့ ငါးဖမ်းစက်လှေကြီးများ စက်လှေအမည်၊ ကုမ္ပဏီအမည်၊ စက်လှေနံပါတ်များကို ဖုံးကွယ်ပြီး ဖမ်းဆီးကြကြောင်း ဒေသခံပြည်သူများ ပြောကြားသည်နှင့် တစ်ပုံစံတည်းပင်ဖြစ်ပါတယ်။ ပိုဆိုးတာက တစ်ခြားနိုင်ငံက အရင်းအနှီးထုတ်ပေးပြီး မြန်မာနိုင်ငံက ရေလုပ်သားများ ခိုင်းစေကာ ကျွန်တော်တို့ ပိုင်နက်ထဲ ကျူးကျော်ဖမ်းဆီးတာဟာ ဘယ်လောက်ထိ ရေလုပ်ငန်းဖြင့် တိုင်းပြည်နစ်နာမှုပေါ်လွင်နေ ကြောင်း ပြသလျက်ရှိပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီ၏ အစီရင်ခံစာ စာမျက်နှာ ၁၇ မှာ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကမ်းဝေးငါးဖမ်းရေယာဉ်များအား နိုင်ငံတကာစံနှုန်းများနှင့်အညီ VMS(Vessel Monitoring System) တပ်ဆင်ရန်အတွက် အမိန့်ညွှန်ကြားချက်များထုတ်ပြန်၍ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ဆက်စပ်ပြီး အထက်ပါ ငါးခိုးဖမ်းနေသော ပြည်တွင်းစက်လှေကြီးများ၊ တစ်ခြားနိုင်ငံခြားစက်လှေများကိစ္စသည် VMS နည်းပညာအသုံးပြုပြီး ဆောင်ရွက်မည်ဆိုပါက ၎င်းပြဿနာများဖြေရှင်း နိုင်ပါလိမ့်မယ်။ သို့ပါ၍ ကော်မတီအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့ အရေးပေါ်စီမံချက်သဘောမျိုး မနှေးအမြန်ဆောင်ရွက်ရန် အလေးထားတိုက်တွန်းပေးပါရန် အကြံပြုဆွေးနွေးလိုပါတယ်။ ထို့အတူ ငါးတင်/ငါးချ ဆိပ်ကမ်းကြီးတစ်ခုလည်း မြိတ်မြို့မှာ ဆောက်လုပ်ဆဲကဏ္ဍ အကောင်အထည်ဖော်စေဖို့၊ နောက်ဒေါက်တာဝင်းမြင့် အဆိုပြုခဲ့တဲ့ ငါးတက္ကသိုလ်ကြီးလည်း အကောင်အထည်မြန်မြန်ဖော်စေဖို့ တိုက်တွန်းပေးနိုင်ပါရန် ကော်မတီသို့ ထပ်မံအကြံပြု ဆွေးနွေးလိုပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် MIC မှ ခွင့်ပြုထားသော ကုမ္ပဏီ(၉)ခုမှ ကျွန်း(၁၂)ကျွန်း၊ ဟိုတယ် ခရီးသွားလာရေးလုပ်ငန်းအတွက် ငှားရမ်းထားမှု

သည် ပွင့်လင်းမြင်သာမှုမရှိကြောင်း အစီရင်ခံစာ၏ စာမျက်နှာ ၃၂ တွင် ဖော်ပြထားရှိပါတယ်။ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများအား ထပ်မံတိုက်တွန်းပေးစေလိုပါတယ်။ ရိုးရာဓလေ့ထုံးတမ်းအရ ပဒေါင်လူမျိုးများ၏ ဝတ်စားဆင်ယင်မှုသည် တစ်မျိုးထူးဆန်းနေပါ၍ မြဝတီ၊ ထိုင်းနယ်စပ်မှာ နေရာပေးပြီး ကမ္ဘာလှည့်ခရီးသွားများ လေ့လာစရာတစ်ခုအဖြစ်သတ်မှတ်ထားတယ်လို့ ကြားသိရပါတယ်။ ထိုနည်းလည်းကောင်းပဲ ကော်မတီ၏ သုံးသပ်ချက် စာမျက်နှာ ၃၁၊ အပိုဒ်ခွဲ(ဇဇ)တွင် မြန်မာနိုင်ငံမှ ဆလုံလူမျိုးများသည် ထိုင်းနိုင်ငံမှ အိမ်ရာအဆောက်အအုံများ လစာ၊ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများကြောင့် ထိုင်းနိုင်ငံ ကော့လောင်း ဆလုံရွာသို့ ရွှေ့ပြောင်းသွားကြခြင်းဟု ဖော်ပြထားပါတယ်။ ဒါကြောင့် အစိုးရဝန်ကြီးဌာနနှင့် ဆလုံလူမျိုးများ၏ ထိရောက်စွာဆောင်ရွက်သင့်ပါကြောင်း ကော်မတီမှတစ်ဆင့် အကြံပြုဆွေးနွေးလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် တင်ပြရသော် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဆောင်ရွက်ချက်ကြောင့် အစိုးရဝန်ကြီးဌာနအချို့၏ ဆောင်ရွက်ချက်သည် လွှတ်တော်ကိုယ်စားလှယ်များမေးခွန်းနှင့် ကွာဟချက်အချို့ရှိကြောင်းလည်း သုံးသပ်တင်ပြထားပါတယ်။ သို့ပါ၍ ကော်မတီအဖွဲ့များအနေဖြင့် ကွင်းဆင်းစစ်ဆေးမှုများသည် များစွာအကျိုးဖြစ်ထွန်းစေပါတယ်။ ထပ်မံ၍လည်း ကျန်ရှိနေသေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အဆို၊ မေးခွန်းများသည်လည်း နိုင်ငံသူ၊ နိုင်ငံသားများအကျိုးငှာ ကတိကဝတ်ဖြစ်မဖြစ် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လုံခြုံရေးအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံသူ၊ နိုင်ငံသားများနှင့် ပူးပေါင်း၍ ကော်မတီအနေဖြင့် စွမ်းနိုင်သမျှ ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေတ္တာရပ်ခံပန်ကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးချက်များနဲ့စပ်လျဉ်းပြီး အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ပြန်လည် ရှင်းလင်းရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၅။**

**ဦးသိမ်းဆွေ (ဥက္ကဋ္ဌ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိမ်းဆွေ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းပြီးတော့ အစီရင်ခံစာကို ၁၈ - ၆ - ၂၀၁၈ ရက်နေ့မှာ ကော်မတီဝင် ဖြစ်တဲ့ ဦးအောင်ဝင်း ကနေပြီးတော့ အမျိုးသားလွှတ်တော်ကြီးကို ဖတ်ကြားတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြတဲ့ တနင်္သာရီတိုင်း

ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က ဦးခင်မျိုးဝင်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း တို့က ဆွေးနွေး အကြံပြုသွားကြတာကို နားထောင်ခဲ့ရပါတယ်။ ဆွေးနွေးခဲ့ကြတဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီး အားလုံးကို ကျေးဇူးတင်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများဆွေးနွေးခဲ့ကြတဲ့ အချက်များကိုလည်း ကော်မတီအနေနဲ့ အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးခဲ့ကြတဲ့ အချက်တွေထဲက အချို့သောအချက်များကို ပြန်လည်ပြီးတော့ ဆွေးနွေးတင်ပြလိုပါတယ်။ အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ကျွန်တော် အနှစ်ချုပ် ပြန်လည်ဆွေးနွေးတင်ပြခွင့်ပြုပါခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်ကြီးများဖြစ်ကြတဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က ဦးခင်မျိုးဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း တို့က ဆွေးနွေး တင်ပြသွားတဲ့အခါမှာ ကျွန်တော်တို့ ဒီကော်မတီအနေနဲ့ ဒီ တွေ့ရှိချက်တွေ၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့သွားရောက်ပြီးတော့ ခရီးစဉ်တွေမှာ ဆောင်ရွက်ခဲ့ကြတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကို ဆွေးနွေးအကြံပြုတင်ပြခဲ့တဲ့အပေါ်မှာ စိစစ်ချက်တွေကို တင်ပြခဲ့တဲ့အပေါ်မှာ လိုအပ်ချက်တွေ၊ အားနည်းချက်၊ အားသာချက်တွေကို ကျွန်တော်တို့ ဆွေးနွေးတင်ပြသွားတာကို ကျွန်တော်တို့ နားထောင်ခဲ့ရပါတယ်။ ဒီအတွက် ကျေးဇူးလည်း တင်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့ တစ်ခုတင်ပြလိုတာက ကျွန်တော်တို့ လွှတ်တော်က အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်ရဲ့ ကျွန်တော်တို့သည် ဥပဒေပြုရေး မဏ္ဍိုင်ကို အဓိက ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်တော်တို့သည် အပြန်အလှန် ထိန်းကျောင်းတဲ့ တာဝန်ကိုလည်း ထမ်းရွက်ရတာဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ အခု ကိုယ်စားလှယ်ကြီးများ ဆွေးနွေးခဲ့ကြတဲ့ ဆွေးနွေးချက်တွေကို သက်ဆိုင်ရာ တာဝန်ရှိတဲ့ ဝန်ကြီး ဌာနတွေ၊ အကြီးအကဲတွေကို ကျွန်တော်တို့အနေနဲ့ တင်ပြပြီးသားလည်း ဖြစ်ပါတယ်။

နောက်တစ်ခုက ဒီဆွေးနွေးမှုနဲ့ပတ်သက်ပြီးတော့ ခရီးစဉ်တွေကို ကျွန်တော်တို့ သွားရောက်တဲ့အခါမှာလည်း သက်ဆိုင်ရာနယ်မြေခံ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ကျွန်တော်တို့ အကြောင်းကြားပါတယ်။ အကြောင်းကြားပြီးတော့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ အကြံဉာဏ်ကို ကျွန်တော်တို့ ရယူပါတယ်။ နယ်မြေမှာ ကျွန်တော်တို့ ယူရမယ့် အချက်အလက်တွေ၊ နယ်မြေမှာ လိုအပ်နေတဲ့ သတင်းအချက်အလက် ရယူမှုတွေကိုလည်း ပြည့်စုံအောင် လွှတ်တော်ကိုယ်စားလှယ်ကြီး များနဲ့ ညှိနှိုင်းပြီးတော့ ကျွန်တော်တို့အနေနဲ့ အချက်အလက်ရယူပါတယ်။ မေးမြန်းမှုတွေလည်း ဆောင်ရွက်ပါတယ်။ လိုအပ်တဲ့အချက်အလက်တောင်းခံမှုတွေကိုလည်း ကျွန်တော်တို့အနေနဲ့ ရယူခဲ့ ပါတယ်။ ပြီးတဲ့အခါမှာ ဒီလွှတ်တော် အခု ကျင်းပနေစဉ်မှာပဲ ပြီးခဲ့တဲ့ (၂)ပတ်ကျော်လောက်က ကျွန်တော်တို့ အစည်းအဝေး ပြုလုပ်ပါတယ်။ သက်ဆိုင်ရာ ခရီးစဉ်မှာ သွားရောက်ခဲ့တဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အကြီးအကဲများ၊ နောက်တစ်ခါ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဒီ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားပြီးတော့

ကျွန်တော်တို့ ကြားနာပါတယ်။ ဒီကြားနာတဲ့အခါမှာလည်း ဝန်ကြီးဌာနတွေကို ကျွန်တော်တို့ရဲ့ ကော်မတီရဲ့ တွေ့ရှိချက်တွေ၊ စိစစ်ချက်တွေ၊ သုံးသပ်အကြံပြုချက်တွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတွေကိုလည်း ကျွန်တော်တို့အနေနဲ့ ဒီနေရာမှာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြဖို့ တိုင်းပြည်ရဲ့ အကျိုးအတွက် နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အကျိုးအတွက် မှန်မှန်ကန်ကန် သုံးသပ် အကြံပြုဆွေးနွေးကြဖို့ ဒါမှသာလျှင် အမှန်တကယ်ဆောင်ရွက်ရမယ့် တာဝန်ယူကိုင်တွယ်နေကြတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ မှန်မှန်ကန်ကန် အချက်အလက်တွေကို သုံးသပ်ပြီးတော့ ဆောင်ရွက်နိုင်မှာဖြစ်တယ်ဆိုပြီးတော့ ကျွန်တော်တို့အနေနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်။ အဲဒီလို ဆွေးနွေးမှုတွေလုပ်ခဲ့တဲ့ အကျိုးရလဒ်တွေကလည်း ရလဒ်ကောင်းတွေအများကြီးရရှိခဲ့ပါတယ်။

ကျွန်တော်တို့ ဒီကိုယ်စားလှယ်ကြီးတွေ တင်ပြခဲ့တဲ့ ဒီ ဒေသတစ်ခုမှာဆိုရင် လမ်းကို ကုမ္ပဏီကနေပြီးတော့ ကျေးရွာ(၅)ရွာရဲ့ ခရီးသွားရမယ့် လမ်းတစ်လမ်းကို ကန့်သတ်ထားတဲ့အတွက် ပြည်သူတွေ ဒုက္ခရောက်နေတဲ့အကြောင်း ဒေသခံပြည်သူတွေကလည်း တင်ပြတယ်၊ လွှတ်တော်ကိုယ်စားလှယ်က တင်ပြတယ်။ ဒါကို ကျွန်တော်တို့ ကော်မတီမှာခေါ်ယူပြီးတော့ တာဝန်ရှိတဲ့ အကြီးအကဲတွေ၊ တာဝန်ရှိတဲ့ ကုမ္ပဏီ၊ နောက် လွှတ်တော်ကိုယ်စားလှယ် ကျွန်တော်တို့ ညှိနှိုင်းပေါင်းစပ်ပေးပါတယ်။ ဒါ ကျွန်တော်တို့အနေနဲ့ ကော်မတီအနေနဲ့ Hearing လုပ်ရင်းနဲ့ တစ်ပြိုင်နက်ထဲမှာ ကျွန်တော်တို့အနေနဲ့ ရလဒ်ကောင်းတစ်ခုကို ကြိုးစားပေးခဲ့ပါတယ်။ အဲဒီလို ကြိုးစားဆောင်ရွက်မှုအရလည်း ကုမ္ပဏီအနေနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနတွေ အားလုံးရှေ့မှာပဲ၊ တာဝန်ရှိတဲ့ အကြီးအကဲတွေရှေ့မှာပဲ ဒီ (၂၄)နာရီ ကျေးရွာမှာရှိတဲ့ ကျေးရွာ(၅)ရွာ ဒီခရီးသွား လုပ်သားပြည်သူတွေအတွက် နိုင်ငံသူ၊ နိုင်ငံသားတွေ သွားလာဖို့အတွက် ခွင့်ပြုကြောင်း ကျွန်တော့်ဆီမှာ ကတိကဝတ်ပေးခဲ့ပါတယ်။

ဒီ့အပြင် တချို့သောလမ်းတွေ ပြင်ဆင်နေတာမှာ အရည်အသွေးမပြည့်မီတာတွေကိုလည်း တစ်ခါတည်း သက်ဆိုင်ရာ ကုမ္ပဏီတွေကနေပြီးတာ့မှ ဝန်ကြီးဌာနရဲ့ရှေ့မှာ ဘယ်ရက် ဘယ်ရက် အပြီးဆောင်ရွက်ပါမယ် ဆိုတာကိုလည်း တစ်ပါတည်း အပြီးသတ် ညှိနှိုင်းပေါင်းစပ်မှုနဲ့ ကျွန်တော်တို့ အနေနဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။ အောင်မြင်ခဲ့ပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့ သက်ဆိုင်ရာ ကုမ္ပဏီတွေ၊ သက်ဆိုင်ရာတာဝန်ရှိတဲ့ အကြီးအကဲတွေ၊ နောက် ဆွေးနွေးခဲ့ကြတဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးများကိုလည်း ကျေးဇူးတင်ပါတယ်။

အခု ကျွန်တော်တို့ ဆွေးနွေးခဲ့ကြတဲ့ ဒီအချက်အလက်တွေထဲက ကိုယ်စားလှယ်ကြီးများ ဆွေးနွေးခဲ့ကြတဲ့ တနင်္သာရီတိုင်းဒေသကြီးအတွင်း သွားရောက်ခဲ့ကြတဲ့ ခရီးစဉ်တွေနဲ့ ပတ်သက်ပြီး တော့လည်း ကျွန်တော်တို့အနေနဲ့ ဒါတွေဟာ ကတိကဝတ်အဖြစ် ဆက်ထားပြီးတော့ ဒီသက်ဆိုင်ရာ ဝန်ကြီးဌာန တွေ၊ အကြီးအကဲတွေကိုလည်း ဒါတွေကို ကော်မတီမှာ ဆွေးနွေးသုံးသပ်ပြီးသား၊ ဆွေးနွေး ပြီးသားဖြစ်ပါတယ်။ ဒီဆွေးနွေးချက်တွေကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ နောင်လာမယ့် လစဉ်ပုံမှန် သုံးသပ်ချက်တွေနဲ့အတူ ကျွန်တော်တို့ဆီကို ပေးပို့ဖို့ဆိုပြီးတော့ ကျွန်တော်တို့အနေနဲ့ ဆွေးနွေးခဲ့ပါတယ်။ ဒီအတွက် လစဉ်ပုံမှန်အစီရင်ခံစာတွေ ပေးပို့တဲ့ နောက်ပိုင်းမှာလည်း ကျွန်တော်တို့

အနေနဲ့ လွှတ်တော်ကို ပြန်လည်ပြီးတော့ တင်ပြနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်ထားတဲ့ အခြေအနေ၊ အခုတော့ ကျွန်တော်တို့ တွေ့တာမှ ဒီ (၂)ပတ်ကျော်ပဲ ရှိသေးတဲ့အခါကျတော့ နောက်ဆုံးအခြေအနေတွေနဲ့ ဆောင်ရွက်ထားတာတွေကတော့ ကျွန်တော်တို့အနေနဲ့ ဒီသက်ဆိုင်ရာ ဝန်ကြီးဌာနတွေရဲ့ အစီရင်ခံစာတွေအပေါ်မှာ မူတည်ပြီးတော့ ဆက်လက်ပြီးတော့ လွှတ်တော်ကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ ဆွေးနွေးသွားတဲ့ ခုနက တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆွေးနွေးသွားတာတွေနဲ့ ပတ်သက်လို့ကတော့ ကျွန်တော် ခုနက ပြောသလို ညှိနှိုင်းပေါင်းစပ်မှု၊ သက်ဆိုင်ရာ တာဝန်ရှိတဲ့ အကြီးအကဲတွေကို တင်ပြမှု တွေကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။ လစဉ်လည်း ကျွန်တော်တို့ တင်ပြတဲ့ အစီရင်ခံစာ အပေါ်မှာ လွှတ်တော်ကို အစီရင်ခံတင်ပြပေးမယ်ဆိုတာကိုလည်း ကျွန်တော့်အနေနဲ့ တင်ပြပြီး ဖြစ်ပါတယ်။

နောက် ကိုယ်စားလှယ်ကြီးတစ်ဦးဖြစ်တဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦး ဆွေးနွေးသွားတဲ့အထဲထဲမှာ ကျွန်တော်တို့ ဒီအခြေခံဥပဒေ ပုဒ်မ ၃၅၅ ကို ကျွန်တော်တို့ ဆွေးနွေးသွားတာကို တွေ့ရပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ စိုးရိမ်ပူပန်မှုတွေကိုလည်း ကျွန်တော်တို့ သတိပြုမိပါတယ်။ နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်ဆိုတဲ့ အချက်ကို ကျွန်တော်တို့ ကန့်ကွက်နေခြင်း၊ မျက်ကွယ်ပြုနေခြင်းမဟုတ်ပါဘူး။ ကျွန်တော်တို့ ကော်မတီဝင်တွေ လိုလားနှစ်သက်တဲ့ ပုဒ်မဖြစ်ပါတယ်။ နိုင်ငံသားတွေရဲ့ အခွင့်အရေး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကျော်လွန်ပြီး ဆွေးနွေးတာ ကျွန်တော်တို့ မရှိပါဘူး။ ကိုယ်စားလှယ်ကြီးအနေနဲ့ စိတ်ပူပန်မှုဖြစ်ပြီးတော့ ဆွေးနွေးတင်ပြနေတယ်လို့ ယူဆမိပါတယ်။ ကော်မတီက အဓိကထောက်ပြဆွေးနွေးချင်တာက ကော်မတီရဲ့အစီရင်ခံစာ စာမျက်နှာ ၃၈ မှာပါတဲ့၊ စာမျက်နှာ (၃၈)ရဲ့ ဃ မှာ မျိုးတုန်းပျောက်ကွယ်လုနီးပါးဖြစ်နေသော ဆလုံတိုင်းရင်းသားများအတွက် အခြေခံဥပဒေပါ အခွင့်အရေးများ မဆုံးရှုံးစေရေးအတွက် အလျင်အမြန်ကာကွယ်ပေးသင့်ကြောင်း ဒါ ကျွန်တော်တို့ရဲ့ သုံးသပ်ချက်တစ်ချက်။

နောက်တစ်ခုက မြန်မာ့ပင်လယ်ပြင်ကျွန်းစုများ၏ တန်ဖိုး၊ အလှအပ၊ လုံခြုံရေးနှင့် ခရီးသွားလုပ်ငန်းအတွက် သုတေသနလုပ်ငန်းများ၊ စီမံကိန်းများ၊ ဥပဒေပြဋ္ဌာန်းချက်များကို စနစ်တကျ ဆောင်ရွက်သင့်ပါကြောင်းဆိုပြီးတော့ ကျွန်တော်တို့ သုံးသပ်ထားပါတယ်။ ဒါဟာ အဓိက ကျွန်တော်တို့ ထောက်ပြဆွေးနွေးလိုတဲ့ ဆွေးနွေးချက်တွေ ဖြစ်ပါတယ်။ ဒီလိုဆွေးနွေး အကြံပြုတာတွေနဲ့ ပတ်သက်ပြီးတော့လည်း ခုနက တပ်မတော်သားကိုယ်စားလှယ်ကြီး ဗိုလ်မှူးကျော်စိုးဦး ဆွေးနွေးသွားတဲ့ အထဲမှာ စာမျက်နှာ(၃၁)၊ စာပိုဒ်(ဏဏ)မှာ ကျွန်တော်တို့ ဖော်ပြထားတဲ့ ဆလုံမဟုတ်သော အခြား ရွှေ့ပြောင်းလာသူ များပြားလာပြီး သွေးနှောမှုရှိလာခြင်း ဆိုတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ တင်ပြချက် စိစစ်ဖော်ပြချက်ဟာ မေးခွန်းရှင်နဲ့ ဝန်ကြီးဌာနရဲ့ ကတိဖြစ်ပေါ်မှုအပေါ်မှာ ကော်မတီရဲ့ စိစစ်ချက်ဖြစ်ပါတယ်။ မျိုးတုန်းလုနီးပါး ဖြစ်နေရတဲ့ အကြောင်းအရင်းတွေထဲက တစ်ချက်သာလျှင် ဖြစ်ပါတယ်။ လူဦးရေနည်းလာရတဲ့ အကြောင်းအရင်းတွေထဲက တွေ့ရှိချက်တွေကို ကျွန်တော်တို့

သုံးသပ်ထားတာ ဖြစ်ပါတယ်။ အခြားသော ကျန်းမာရေးကြောင့်၊ မူးယစ်ဆေးဝါးကြောင့်၊ အသက်မွေးဝမ်းကျောင်းမှုကြောင့် စတဲ့အချက်အလက်တွေကိုလည်း ကျွန်တော်တို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ(၃၅)ရဲ့ ခုန ကျွန်တော်တို့ ဆွေးနွေးသွားတဲ့ အချက်ကပါတဲ့ စာမျက်နှာ(၃၅)ရဲ့ အပိုဒ်(၂)မှာ ဖော်ပြထားတဲ့ ဆလုံလူမျိုးများသာ သီးသန့်နေထိုင်သည့် ကျွန်းများ သတ်မှတ်ပေးရန် ဆောင်ရွက်သင့်ပါသည်ဆိုတဲ့ ဖော်ပြချက်ဟာ ဆလုံလူဦးရေ တိုးပွားလာစေရန်နဲ့ ပင်လယ်ခရီးသွားလုပ်ငန်း မြှင့်တင်ဖို့၊ ကမ္ဘာ့လှည့်ခရီးသည်တွေ လေ့လာနိုင်စေဖို့အတွက်သာ ဖြစ်ပါတယ်။ တိုင်းရင်းသား ဆလုံလူမျိုးများ၏ ယဉ်ကျေးမှု သီးသန့်ဇုန်နယ်မြေအဖြစ် အချို့ ကျွန်းများကို သတ်မှတ်ပေးနိုင်ဖို့ အကြံပြုတင်ပြထားခြင်းသာ ဖြစ်ပါတယ်။ ဆလုံလူမျိုးတွေရဲ့ ယဉ်ကျေးမှု သီးသန့်ဇုန်နယ်မြေအဖြစ် သတ်မှတ်ပေးဖို့ တင်ပြခြင်းဖြစ်ပါတယ်။ အချို့ နိုင်ငံတွေမှာလည်း ပျောက်ကွယ်လု ဖြစ်နေတဲ့ လူနည်းစု လူမျိုးငယ်တွေကို ကာကွယ်စောင့်ရှောက်မှုတွေ လုပ်နေကြတာကို သိရှိမှတ်သားရပါတယ်။ အချက်အလက်တွေများတဲ့အတွက် ကျွန်တော် အချိန်ကိုငဲ့ညှာတဲ့ အနေနဲ့ အနှစ်ချုပ် တင်ပြခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက စာပိုဒ်(၃)မှာ ဖော်ပြထားတဲ့ ဆွေးနွေးသွားတဲ့ ဆလုံလူမျိုးများ နေထိုင်ရာကျွန်း၊ ရွာငယ်များတွင် ဆလုံမဟုတ်သော အခြားရွှေ့ပြောင်း အခြေချသူများကို ကန့်သတ်ထိန်းချုပ်ရန် ဆောင်ရွက်သင့်ပါသည်ဆိုတဲ့ အကြံပြုချက်ကတော့ ကျွန်းရွာငယ်လေးများလို့ ကျွန်တော်တို့ အနေနဲ့ ဖော်ပြထားပါတယ်။ ဆလုံကျွန်း ရွာငယ်ကလေးတွေဟာ ဧရိယာ အလွန်ကျဉ်းပါတယ်။ တကယ်တမ်းမှာ မတို့မထိရသေးတဲ့ အပျိုစင်ကျွန်းကလေးတွေတောင် ရှိပါတယ်။ သဘာဝဧရိယာကို ထိန်းသိမ်းထားစေဖို့အတွက် ရည်ရွယ်ချက်ကောင်းနဲ့ အကြံပြုခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ စာပိုဒ်(၁၂)ကို ကျွန်တော်တို့ ဖော်ပြအကြံပြုသွားပါတယ်။ ကျွန်းအရေအတွက် သတ်မှတ်၍ ဆလုံလူမျိုးများ သဘာဝအတိုင်း နေထိုင်သည့် ဒေသအဖြစ် သတ်မှတ်ဆောင်ရွက်သင့်ပါသည်ဆိုတဲ့ အကြံပြုချက်ကတော့ ဆလုံလူမျိုးများရဲ့ သဘာဝက လှည့်လည်သွားလာနေထိုင်ပြီးတော့ ကျွန်တော်တို့ ဝမ်းစာရှာဖွေ စားသောက်နေရတာ ဖြစ်ပါတယ်။ အဲဒီဓလေ့အတိုင်း ဝမ်းစာရှာပြီးတော့ ရှင်သန်နေထိုင်ဖို့ ခရီးသွားတွေ လာရောက်လေ့လာနိုင်ဖို့အတွက် ရည်ရွယ်ချက်ကောင်းတွေနဲ့ အကြံပြုတင်ပြခြင်း ဖြစ်ပါတယ်။

တိုင်းရင်းသား (၁၃၅)မျိုးထဲမှာပါတဲ့ လူမျိုးတစ်မျိုး ပျောက်ကွယ်မသွားအောင် ဘယ်လိုလုပ်ကြရင် ကောင်းမလဲဆိုတဲ့ အမြင်နဲ့ ကော်မတီဝင်တွေက အကြံပြုနေတာ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းကနေ နိုင်ငံခြား ဝင်ငွေတွေ တိုးလာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လည်း အကြံပြုနေတာ ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရတဲ့ အကြောင်းအရင်းခံတွေ ရှိပါတယ်။ ဒီလို စိစစ်မှု၊ အကြံပြုမှု၊ သုံးသပ်မှုတွေကို ကျွန်တော်တို့ ရေးသားရတာဟာ အစဉ်တစ်ဆက်နေထိုင် အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ ဆလုံတိုင်းရင်းသားတွေကို တွေ့ရှိတဲ့အခါမှာ သူတို့ရဲ့အသံကိုလည်း ကျွန်တော်တို့ နားထောင်ခဲ့ပါတယ်။ ဆလုံတိုင်းရင်းသားတွေရဲ့ တင်ပြမှုတွေကို နားထောင်ခဲ့ပါတယ်။ နောက်တစ်ခါ အလုပ်ရုံဆွေးနွေးပွဲတွေရဲ့ ရလဒ်ကိုလည်း ကျွန်တော်တို့ သုံးသပ်ပါတယ်။ အဲဒီဒေသမှာရှိတဲ့ မကျူ့ဂလက်ကျေးရွာက ဦးနက် က တင်ပြခဲ့တဲ့အခါမှာ ဆလုံတွေဟာ အရင်တုန်းက ပုလဲကျွန်းမှာ နေထိုင်ခဲ့တယ်။ အဲဒီကတစ်ဆင့် လင်န်းကျွန်း၊ လင်န်းကျွန်းကနေတစ်ဆင့် မကျူ့ဂလက်ကို ရောက်ရှိလာတယ်။ ဆလုံများဟာ

မြေယာများကို လက်ဝယ်ရယူပိုင်ဆိုင်ခဲ့ခြင်း မရှိကြောင်း၊ လက်ရှိအခြေအနေမှာ မကျုံ့ဂလက်ကို လူတွေအများကြီး ရောက်လာကြတယ်။ မြေယာတွေ အမြောက်အများ ပိုင်ဆိုင်လာကြတယ်။ ထိုကဲ့သို့သော လူအများလာရောက်ပြီးတော့ မြေပိုင်ဆိုင်လာမယ်ဆိုရင် နောင်တစ်ချိန်မှာ ၎င်းတို့မျိုးဆက်တွေ နေထိုင်ဖို့နဲ့ ရေရှည်ရပ်တည်ဖို့ ခက်ခဲလာမယ်ဆိုတဲ့အကြောင်းကိုလည်း တင်ပြပါတယ်။

နောက်တစ်ဦးဖြစ်တဲ့ မကျုံ့ဂလက်ကျေးရွာက ဆလုံလူမျိုးတစ်ဦးကတော့ ယခင် ပုလဲကျွန်းမှာနေပြီးတော့ ယခု မကျုံ့ဂလက်မှာ နေထိုင်လျက် ရှိပါတယ်။ ယခု မကျုံ့ဂလက်ကို ရောက်ရှိလာပြီးတော့ လူတွေရောက်ရှိလာပြီးတော့ မြေယာတွေပိုင်ဆိုင်နေမယ်ဆိုရင် သူတို့သားသမီးတွေ ဘယ်မှာနေကြမလဲ၊ အရင် ပင်လယ်ထွက်ပစ္စည်းများရှိပြီးတော့ အခုဘာမှမရှိတော့ဘူး။ ဆလုံလူမျိုးတွေအနေနဲ့ အရင်တုန်းကဆိုရင် ဒေသခံတွေအနေနဲ့ ဥ ဥချိန်ဆိုရင် ငါးတွေ မဖမ်းဘူး။ အခုဆိုရင် ကျွန်တော်တို့ ကမ်းတက်ပြီးရောက်လာကြတယ်။ ငါးတွေဖမ်းတယ်။ အဲဒီလို ငါးတွေအကုန်ဖမ်းတဲ့အတွက် ပင်လယ်ရေသယံဇာတတွေလည်း ရှားပါးလာတယ်ဆိုပြီးတော့ သူတို့ရဲ့ ဒေသအခက်အခဲတွေကိုလည်း တင်ပြကြပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အနေနဲ့ ဒီ ဆွေးနွေးပွဲတွေက နေပြီးတော့လည်း ကျွန်တော်တို့ နားထောင်ခဲ့ပါတယ်။

နောက်တစ်ခုက အဲဒီဒေသကို ကျွန်တော်တို့ ကျွန်းတွေသွားကြည့်တဲ့အခါမှာ ကျွန်းတွေ အမြောက်အများ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒီ ကျွန်းက ဘယ်သူပိုင်သလဲ မေးလိုက်တယ်။ ဒါကတော့ ဘယ်သူ ဘယ်သူ ဦးဘယ်သူပိုင်တာ၊ နောက် ဒီ ကျွန်းက ဘယ်သူပိုင်တာ၊ ဒါကတော့ ဘယ်အဖွဲ့အစည်းကနေ ပိုင်ပါတယ်။ ဒီ ကျွန်းကကော၊ ဒါကတော့ ဘယ်ကုမ္ပဏီကြီးကပါ ဆိုတော့ ကျွန်တော်တို့ လိုက်ကြည့်ခဲ့တဲ့ ကျွန်းတွေ တော်တော်များများမှာ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ နောက် ကုမ္ပဏီစသည်ဖြင့် ဒီလိုမျိုး ကျွန်တော်တို့ ပိုင်ဆိုင်တယ်။ ဒေသခံတွေအတွက်ရော ဆိုတဲ့အခါမှာ ဒေသခံတွေရဲ့ နယ်မြေက အင်မတန်ကျဉ်းမြောင်းနေတာကို ကျွန်တော်တို့ ဝမ်းနည်းစရာတွေ့ရှိခဲ့ရပါတယ်။

ဒီ အပေါ်မှာ အခြေခံပြီးတော့ ကျွန်တော်တို့ အနေနဲ့ ဒီ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု သီးသန့်ဇုန်နယ်မြေတစ်ခုကို ကျွန်တော်တို့ အနေနဲ့ ဆောင်ရွက်ပေးစေချင်တဲ့ စေတနာအမှန်နဲ့ တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီလို သွားရောက်တဲ့အခါမှာ ကျွန်တော်တို့ကို ပေးလိုက်တဲ့ စာရင်းဇယားတွေအရ ဌာနဆိုင်ရာတွေကနေပြီးတော့ ပေးလိုက်တဲ့အခါမှာ ကျွန်တော်တို့ စာရင်းကောက်ယူရာမှာ ဥယျာဉ်ခြံနဲ့ နှစ်ရှည်စိုက်ခင်းတွေအရဆိုပြီးတော့ မကျုံ့ဂလက်က ဒေသခံတွေ မဟုတ်တဲ့ ပုဂ္ဂိုလ်တွေ ပိုင်ဆိုင်တာက ၂၀၁၃ ခုနှစ်၊ စာရင်းကောက်ယူရရှိတဲ့ ဥယျာဉ်ခြံ၊ နှစ်ရှည်စိုက် ခင်းမြေ ဧရိယာတွေကတော့ တစ်ဦးချင်း ဖတ်ပြရင် များမှာစိုးလို့ (၂၀၉.၁၉)ဧက ရှိပါတယ်။ အခု လက်ရှိအခြေအနေမှာ ကွင်းဆင်းစစ်ဆေးပြီးတော့ တိုင်းတာရရှိတဲ့ ဥယျာဉ်ခြံ၊ နှစ်ရှည်စိုက်ခင်း မြေတွေကတော့ (၁၆၃.၆)ဧက ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ ကော့သောင်းမှာရှိတဲ့ သစ်တောဦးစီးဌာနက ဦးစီးအရာရှိရဲ့ တင်ပြချက်ကို ကျွန်တော်တို့ ယူထားတာ ဖြစ်ပါတယ်။ နောက်တစ်ခုက ဒီ စာရင်းကောက်ယူလို့ မကျုံ့ဂလက်ကျေးရွာမှာရှိတဲ့ အိမ်ခြေ(၅၀)အထက် စာရင်းကောက်ယူရာမှာ ပါဝင်မှုမရှိတဲ့ ဥယျာဉ်ခြံ၊ နှစ်ရှည်စိုက်ခင်းတွေမှာ အမည်နာမတွေနဲ့ ယူထားတာက (၈၈.၆)ဧကရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဒီ အချက်အလက်တွေကို ထည့်သွင်းပြီးတော့ သုံးသပ်ကြည့်တဲ့အခါမှာ မကျွံဂုလက်ကျေးရွာ တည်ရှိတဲ့ ဗိုလ်ချိုကျွန်းရဲ့ ဧရိယာဟာ (၁၈၀၀)ဧကခန့်ရှိပါတယ်။ ဗိုလ်ချိုကျွန်းပေါ်မှာ အိမ်ခြေ(၅၀)အထက် သဘာဝနယ်မြေမှ ပယ်ဖျက်ပြီး မကျွံဂုလက်ကျေးရွာ(၅၉.၈၇)ဧကနဲ့ အိမ်ခြေ(၅၀)အောက် သဘာဝနယ်မြေမှ ပယ်ဖျက်ခြင်းမရှိသေးတဲ့ သဲတန်းစုကျေးရွာဟာ (၂.၈၇)ဧကပဲ ရှိပါတယ်။ ၂၀၁၃ ခုနှစ် စာရင်းကောက်ယူစဉ်က မကျွံဂုလက်ကျေးရွာမှာ နှစ်ရှည် ဥယျာဉ်ခြံလုပ်ငန်းရှင်(၂၃)ဦး၊ (၂၀၉.၁၉)ဧက၊ သဲတန်းစုကျေးရွာမှာ နှစ်ရှည်ဥယျာဉ်ခြံလုပ်ငန်းရှင်(၉)ဦး၊ (၅၀)ဧကရှိကြောင်းလည်း စာရင်းဇယားတွေအရ ကျွန်တော်တို့ သိရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုပဲ တစ်ခြားသော နိုင်ငံတွေမှာလည်း ကျွန်တော်တို့ ခုနကတင်ပြသလို ဥပမာ ကနေဒါနိုင်ငံမှာဆိုရင် ၁၇၇၄ ခုနှစ်ကတည်းက လူနည်းစုတွေရဲ့ ဘာသာစကားနဲ့ ပညာရေးဆိုင်ရာ အခွင့်အရေးတွေကို ဥပဒေကြောင်းအရ အကာအကွယ်ပေးခဲ့တာတွေ ရှိခဲ့ဖူးပါတယ်။ ရှိခဲ့ပါတယ်။ ၁၈၆၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရလည်း ပြည်ထောင်စု ဥပဒေပြုစာရင်းတွေမှာ မူလဒေသခံ တိုင်းရင်းသားများတွေရဲ့ First Nation အရေးနဲ့ ၎င်းတို့အတွက် သီးသန့်ထားသော မြေများဆိုပြီး ဒီလိုမျိုး တချို့နိုင်ငံတွေမှာလည်း ဒီလိုထည့်သွင်းထားတာ ရှိပါတယ်။ ဒါ တစ်ခုထုတ်ပြတာပါ။ ကျန်တဲ့ အမေရိကန်မှာလည်း ဒီလိုမျိုးရှိပါတယ်။ ကျန်တဲ့ အခြားသော နိုင်ငံတွေမှာလည်း ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အနေနဲ့ ဒါနဲ့ပတ်သက်ပြီးတော့ တင်ပြချင်တာကတော့ အနှစ်ချုပ်အနေနဲ့ကတော့ ကျွန်တော်တို့ ဒီ ကိုယ်စားလှယ်ကြီးတွေ ဆွေးနွေးတင်ပြခဲ့တာဟာ ကျွန်တော်တို့ ကော်မတီအနေနဲ့ ခွန်အားအများကြီး ဖြစ်စေပါတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ အားသာချက်၊ အားနည်းချက်ကို အခုလိုမျိုး ထောက်ပြဆွေးနွေး သုံးသပ်ပေးမှသာလျှင် ကျွန်တော်တို့ ကော်မတီအနေနဲ့ ပိုမိုပြီး ကောင်းမွန်သော အစီရင်ခံစာတွေကို လွှတ်တော်ကို တင်ပြနိုင် မှာ ဖြစ်ပါတယ်။ ဒီ အတွက်လည်း ကျွန်တော်တို့ ဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ်တော်ကြီးများဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က ဦးခင်မျိုးဝင်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း တို့ကို ကျေးဇူးများစွာ တင်ရှိပါကြောင်း ကော်မတီကိုယ်စား တင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကို ငဲ့ညှာတဲ့ အနေနဲ့ ကျွန်တော့်အနေနဲ့ တချို့သော ကိစ္စရပ်တွေကိုတော့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကြီးများက သိရှိလိုသော ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို ကျွန်တော်တို့အနေနဲ့ ကော်မတီမှာသော် လည်းကောင်း၊ နောင်လာမယ့် လွှတ်တော်ရဲ့ ပုံမှန်အစည်းအဝေးများမှာသော် လည်းကောင်း တင်ပြ ဆွေးနွေးသွားပါမယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၂း၃၅။**

**ဥက္ကဋ္ဌ**။ ။ ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးသိမ်းဆွေ (ဥက္ကဋ္ဌ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသား လွှတ်တော်၊ သတ္တမပုံမှန် အစည်းအဝေးမှာ တင်သွင်းမေးမြန်းခဲ့တဲ့ အဆိုများ၊ မေးခွန်းများနဲ့ စပ်လျဉ်းတဲ့ အစီရင်ခံစာကို ၈ - ၅ - ၂၀၁၈ ရက်နေ့မှ ၁၇ - ၅ - ၂၀၁၈ ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီးကို ကွင်းဆင်းစိစစ် ခဲ့ခြင်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်က အတည်ပြုပေးနိုင်ဖို့အတွက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသား လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးသိမ်းဆွေ မှ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုအတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံ စာကို အတည်ပြုရန် လွှတ်တော်က -

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဦးသိမ်းဆွေ (ဥက္ကဋ္ဌ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ ကော်မတီရဲ့ တင်ပြချက်တွေနဲ့ ပတ်သက်ပြီးတော့ နည်းဥပဒေတွေထဲမှာ ပါရှိပါတယ်။ ဒါလေးကို ကျွန်တော် အနည်းငယ် တင်ပြလိုပါတယ်။ နည်းဥပဒေမှာ ကော်မတီရဲ့ အစီရင်ခံစာ တင်ပြ ခြင်းနဲ့ ပတ်သက်ပြီးတော့ ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း နည်းဥပဒေအရ (က)၊ (ခ)၊ (ဂ)။ (ဂ) ရဲ့ အချက်ကို ကျွန်တော်အနေနဲ့ တင်ပြလိုပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာမှာ တင်ပြခြင်း နည်းဥပဒေ ၁၀၀(ဂ) ကော်မတီသည် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်၊ ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးရန် အဆိုတင်သွင်းရမည်။ ယင်း အဆို အတည်ဖြစ်ပြီးသောအခါ လွှတ်တော် ကိုယ်စားလှယ်များက မိမိတို့၏ ယူဆချက်များ၊ ထင်မြင်ချက် များနှင့် အကြံဉာဏ်များကို ပေးနိုင်သည်။ သို့ရာတွင် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်များ မပြုလုပ်ရဆိုတဲ့ အပိုဒ် ပါ ပါတယ်။ ဒါကြောင့်

မို့လို့ ကျွန်တော်တို့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့ ကျွန်တော်တို့ လွဲချော်မှုမရှိစေဖို့ အတွက် တင်ပြခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်မှုကို ခံယူပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်မှူးကျော်စိုးဦး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ ကျွန်တော် အနည်းငယ် တင်ပြလိုပါတယ်။ ကျွန်တော်က ဒီအစီရင်ခံစာကို ကန့်ကွက်တာမဟုတ်ပါဘူး။ အစီရင်ခံစာကို ထောက်ခံတာပါ။ ခုနက ဆွေးနွေးချက်ထဲမှာ ပါ ပါတယ်။ နည်းဥပဒေ ၁၀၀(ဂ)ကိုလည်း ကျွန်တော် ယှဉ်တွဲဖော်ပြထားပါတယ်။ ကျွန်တော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ် ရဲ့ ပုဒ်မ ၃၅၅ ကိုလည်း ကျွန်တော်ယှဉ်တွဲ ဖော်ပြထားပါတယ်။ ကျွန်တော်ထောက်ပြထားတဲ့ အချက်က(၃)ချက်ရှိပါတယ်။ ခုနက ကော်မတီဥက္ကဋ္ဌလည်း အသေးစိတ်တော့ ရှင်းလင်းပြပြီး ဖြစ်ပါတယ်။ ကျွန်တော် အဲဒီအချက် (၃)ချက်ကို ထောက်ပြထားတဲ့အတွက် ကျွန်တော်သဘောမတူဘူး ပြောတာပါ။ အစီရင်ခံစာတစ်ခုလုံး ကို ကျွန်တော် သဘော မတူတာ မဟုတ်ပါဘူး။

**ဥက္ကဋ္ဌ**။ ။ အခုဟာ ကျွန်တော်တို့က အတည်ပြုရမှာလေ၊ အတည်ပြုတာဆိုတော့ ကိုယ်စားလှယ်က ကန့်ကွက်တော့။ ဒီမှာ ခုနတစ်ဖက်က ကော်မတီရဲ့ ဥက္ကဋ္ဌကတင်ပြတဲ့ နေရာမှာတော့ မှန်ပါတယ်။ ၁၀၀ (ဂ)မှာက ကော်မတီသည် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီ ဥက္ကဋ္ဌက အတွင်းရေးမှူး၊ သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်ထားသော ကော်မတီဝင်တစ်ဦး သည် ဥက္ကဋ္ဌက သတ်မှတ်ထားသော နေ့တွင် အစီရင်ခံစာကို ဆွေးနွေးရန် အဆိုတင်သွင်းရမည်။ ယင်း အဆိုကို အတည်ဖြစ်ပြီးသောအခါ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ ယူဆချက်များ၊ ထင်မြင် ချက်များ၊ အကြံဉာဏ်များကို ပေးနိုင်သည်။ သို့ရာတွင် အစီရင်ခံစာနှင့် စပ်လျဉ်းသော ပြင်ဆင်ချက် များ မပြုလုပ်ရ။ ဒါကတော့ ကျွန်တော်တို့ နည်းဥပဒေမှာ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ ဆိုတဲ့အခါ ကျတော့ ဒီ ဥပဒေထဲ ဒီ လွှတ်တော်ရဲ့ နည်းဥပဒေအရဆိုရင် ဒီ အစီရင်ခံစာကို ပြန်ပြင်ဆင်ချက် ပြုလုပ်ဖို့ မရတဲ့ အနေအထား၊ ဒါကို တွေ့လိုက်ရပါတယ်။ ဥပဒေမှာ

**ဗိုလ်မှူးကျော်စိုးဦး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ ကော်မတီက အစီရင်ခံစာ ကို အတည်မပြုရဘူးလို့ မပြောပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်တဲ့ကိစ္စကို ပြင်ဆင်ပြီး ဆောင်ရွက်အတည်ပြုပေးဖို့ တင်ပြခြင်းဖြစ်ပါတယ်။

**ဦးသိမ်းဆွေ (ဥက္ကဋ္ဌ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ ကျွန်တော်တို့ ဆွေးနွေးခဲ့တဲ့ အဓိကအကြောင်းအရာသည် ဒါ နိုင်ငံတိုင်း မှာလည်း ရှိပါတယ်။ ကျွန်တော် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အဓိက က ကျွန်တော်တို့ ဆွေးနွေးခဲ့တဲ့ အကြောင်းအရာ ဆလုံတိုင်းရင်းသားတွေအတွက် သီးသန့် ကျွန်တော်တို့ ခုနက ဒီ တိုင်းရင်းသား ဆလုံ လူမျိုးတွေရဲ့ ယဉ်ကျေးမှု သီးသန့်ဇုန်နယ်မြေအဖြစ် ဒါလေးတွေကို သတ်မှတ်ပေးနိုင်ဖို့၊ ဒါက သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးအစိုးရတွေ၊ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ဒါ စီမံခန့်ခွဲလို့ ရပါတယ်။ ဒါကို ကျွန်တော်တို့ အနေနဲ့ ရည်ရွယ်ချက်ကောင်းနဲ့ ထောက်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။ ဒီ တပ်မတော်သားကိုယ်စားလှယ်ကြီးတွေရဲ့ စိုးရိမ်ပူပန်မှုနဲ့ ဆွေးနွေးမှုကိုလည်း ကျွန်တော်တို့ အနေနဲ့ နားလည်ပါတယ်။ ဒီဟာ ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ပြီး

ဆွေးနွေးခြင်းမရှိဘူးဆိုတဲ့ အကြောင်းကို ဥက္ကဋ္ဌကြီးကို လေးစားစွာ တင်ပြခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခု ကျွန်တော် ရှင်းပြပါမယ်။ အခု ဖွဲ့စည်းပုံအခြေခံ ၃၅၅ ကို တပ်မတော်သားကိုယ်စားလှယ်ကြီး အဓိကပြောတာက နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသမဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်။ ဆိုတော့ ဥပဒေနှင့်ညီမှသာ အခြေစိုက်နေထိုင်လို့ရမှာ၊ ဥပဒေနှင့်မညီရင်တော့ နေလို့မရဘူးဆိုတဲ့ သဘောပဲ ဥပဒေနဲ့ကန့်သတ်ပြီး ဟိုဒေသ၊ ဒီဒေသကို ဥပဒေနှင့်မညီရင် ဘယ်သူမှမနေရဆိုရင် ဒါနေလို့ မရတော့ဘူး။ ဒါဆိုရင် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်တဲ့ အနေအထားမဖြစ်တော့ဘူး။ တကယ်လို့ ခုန ဒါကို ဥပဒေမှာ ခုန မည်သည့်ဒေသမဆို အခြေစိုက်နေထိုင်ခွင့်ရှိသည် ဆိုရင်တော့ ဒါ တပ်မတော်သားကိုယ်စားလှယ် တင်ပြတဲ့ဟာက ကိုက်ညီမှာပါ။ ဒါပေမဲ့ သူ့ဟာက ဒီမှာပါတာက ဥပဒေနှင့်အညီ ဆိုတဲ့အခါကျ ဥပဒေနဲ့ မညီရင်တော့ နေလို့မရတော့ဘူး။ အစိုးရအနေနဲ့ တစ်ခုကန့်သတ်ထားလိုက်မယ်။ ဒါကိုခု တစ်ဖက်က ရှင်းပြတယ်ဆိုရင်လည်း ခုန ဒီအပြင် ကုမ္ပဏီတွေက လာနေတယ်ဆိုတာ ဒါ ဥပဒေက အစိုးရကနေပြီး ခွင့်ပြုလိုက်လို့ သွားလာနေတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုန ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်ဆိုတော့ ဥပဒေနှင့်မညီရင် နေလို့မရဘူး။ အနေအထားဖြစ်သွားမှာပါ။

ဒါကြောင့်မို့လို့ ကျွန်တော်ခု ဒီမှာ တစ်ဖက်က တင်ပြတဲ့ဟာက ဒါ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ငြိစွန်းမှု မရှိဘူးလို့ပဲ ဆုံးဖြတ်လိုက်ပါတယ်။ (ဩဘာသံများ)

ဒါကြောင့်မို့လို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၂း၄၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်နေ့က စတင်ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးဟာဆိုရင် ဒီကနေ့ ပြီးဆုံးမှာ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှ ဇွန်လ ၂၀ ရက်နေ့အထိ အစည်းအဝေးကျင်းပရက် (၁၈)ရက်အတွင်း အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များအနေနဲ့ -

မေးခွန်း မေးမြန်းခြင်း ကဏ္ဍမှာ -

လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထုရဲ့ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း (၈၆)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၁၂၄)ခုတို့ကို မေးမြန်းခဲ့ပါတယ်။ လွှတ်တော်

ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များက သက်ဆိုင်ရာဝန်ကြီးဌာန တစ်ခုချင်းအနေဖြင့်လည်းကောင်း၊ ဝန်ကြီးဌာန အချင်းချင်းပေါင်းစပ်၍လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့် ပေးပို့ ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အဆိုတင်သွင်းခြင်း ကဏ္ဍမှာ -

ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တစ်ဝှမ်းရှိ နိုင်ငံသူ နိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာ ရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်သို့တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး လွှတ်တော်က အဆိုကို အတည်ပြုခဲ့ပါတယ်။

ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍအနေနဲ့ -

အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားတဲ့ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးပြီး အတည်ပြုပြီးတဲ့နောက် ပြည်သူ့လွှတ်တော်သို့ ပေးပို့တဲ့ ဥပဒေကြမ်းများအနက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်း အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးအတည်ပြုရာမှာ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါတယ်။ ယင်းဥပဒေအား ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါတယ်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါတယ်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါတယ်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ခဲ့ရာ လွှတ်တော်သို့ အသိပေးပြီး ဆွေးနွေးရန် အမည်စာရင်း တောင်းခံခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ယင်း ဥပဒေအား ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါတယ်။

သစ်တော ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတိုင်း အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ရုပ်မြင်သံကြားနှင့်ဗီဒီယို ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ ၎င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီ သို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းကို ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် အမည်စာရင်း တောင်းခံခဲ့ပါတယ်။

မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် အမည်စာရင်း တောင်းခံခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသည့် ဥပဒေကြမ်းများမှာ အမျိုးသားလွှတ်တော် ဆဌမပုံမှန်အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ထွေး (ဥက္ကဋ္ဌ၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ) အဆိုတင်သွင်းခဲ့တဲ့ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူ အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဆဌမပုံမှန်အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးဘမျိုးသိန်း (ဥက္ကဋ္ဌ၊ တောင်သူလယ်သမားရေးရာကော်မတီ) အဆိုတင်သွင်းခဲ့သည့် ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် အမည်စာရင်း တောင်းခံခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခြင်း၊ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍတွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးများကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများမှာ -

- ဥပဒေကြမ်းကော်မတီ (၂၅)ကြိမ်၊
- ပြည်သူ့ငွေစာရင်းကော်မတီ (၁)ကြိမ်၊
- လွှတ်တော်အခွင့်အရေးကော်မတီ (၁) ကြိမ်၊
- အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ (၉)ကြိမ်၊

- နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (၄) ကြိမ်၊
- အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ (၃)ကြိမ်၊
- ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ (၄)ကြိမ်၊
- တိုင်းရင်းသားရေးရာကော်မတီ (၂)ကြိမ်၊
- တောင်သူလယ်သမားရေးရာကော်မတီ (၆)ကြိမ်၊
- အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ (၄)ကြိမ်၊
- ပညာရေးမြှင့်တင်မှုကော်မတီ (၄)ကြိမ်၊
- ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ (၆)ကြိမ်၊
- နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ (၆) ကြိမ်၊
- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ(၆)ကြိမ်၊
- ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ(၁၁) ကြိမ်၊
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၄) ကြိမ်၊
- ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ (၄) ကြိမ်၊

စုစုပေါင်းကော်မတီ အစည်းအဝေး အကြိမ် (၁၀၀) ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအတွက် သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို (၃)စောင်ကို ထုတ်ဝေခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ရဲ့ ၁၄ - ၅ - ၂၀၁၈ ရက်နေ့မှ ၂၁ - ၅ - ၂၀၁၈ ရက်နေ့အထိ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်း Info Note - Vol (2) စောင်ရေ (၂၃၀) နှင့် ၂၂ - ၅ - ၂၀၁၈ ရက်နေ့မှ ၆ - ၆ - ၂၀၁၈ ရက်နေ့အထိ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်း Info Note - Vol (3) စောင်ရေ (၂၃၀) တို့ကို ထုတ်ဝေနိုင်ခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်(၆၃)ဦးက သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းခဲ့မှုများအနက် (၄၈)ချက်ကို ရှာဖွေပေးခဲ့ပြီး ဆောင်ရွက်ဆဲ(၁၅)ချက်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမိမိတို့ သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည် ရောက်ရှိကြပြီး မိမိတို့ရဲ့ မဲဆန္ဒရှင် ပြည်သူများအကျိုး၊ ဒေသရဲ့အကျိုး၊ နိုင်ငံတော်ရဲ့ အကျိုးကို ဆထက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၂း၅၂ နာရီအချိန်တွင် ရပ်နားပါသည်။]